# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက် | ၂၀၂၂ ခုနှစ်၊ ဇွန် ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၂၆၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA) စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးတို့ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြစဉ်။

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) ကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၂၁**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA) စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် စောစိန်ဝင်း၊ စောကျော်သန်းဌေးတို့ တက်ရောက်ကြသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❒


**ယနေ့ ဖတ် စ ရာ**


**ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး (၁၆)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ထွက်ခွာ**
ပြည်တွင်းသတင်း | စာ - ၃

**ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်ခရီး**
ဆောင်းပါး | စာ - ၁၀

**ဆော်ဒီအိမ်ရှေ့မင်းသား အလည်အပတ်ခရီးစဉ်အဖြစ် အီဂျစ်နိုင်ငံသို့ ရောက်ရှိ**
နိုင်ငံတကာသတင်း | စာ - ၁၃

# စားနပ်ရိက္ခာထုတ်လုပ်သည့် အဓိကနိုင်ငံအဖြစ် ရပ်တည်နိုင်ရေး

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကောင်းစွာ ထိန်းချုပ်ထားနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီး ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင်လည်း ကပ်ရောဂါအရှိန် လျော့လာပြီဖြစ်ရာ ကိုဗစ်-၁၉ အလွန် စီးပွားရေးပြန်လည်ထူထောင်မှုများကို အားသွန်ခွန်စိုက် ကြိုးပမ်းကြရမည့်အချိန်သို့ ရောက်ရှိလာပြီဖြစ်သည်။ သို့ရာတွင် နောက်ထပ်ဖြစ်ပေါ်လာသည့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများမှ ရိုက်ခတ်လာသည့် အခက်အခဲ၊ အကျပ်အတည်းများက ကိုဗစ်-၁၉ ဖိစီးနှိပ်စက်မှုမှ နာလန်ထလာကြရသည့် နိုင်ငံများကို ထိခိုက်ခံစားရမှု ကြီးမားစေသည်။

မိမိတို့နိုင်ငံ၏ စီးပွားရေးမှာ ပြည်ပပို့ကုန် တင်ပို့နိုင်မှုအပေါ်တွင် တည်မှီနေသည့်အလျောက် ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည်။ ဇွန်လ ၁၆ ရက်က ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၅/၂၀၂၂) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ “ယခု ဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံများသို့ ပြန်လည်ပေးဆပ်ရန်အတွက် ချေးငွေများရှိနေသေးကြောင်း၊ နိုင်ငံအတွက် ဝင်ငွေများရရှိအောင် ဆောင်ရွက်ရန်လိုအပ်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကပို့ကုန်များ မြှင့်တင်ပေးနိုင်ရန်အတွက် ပုဂ္ဂလိကပို့ကုန်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေးတိုးတက်လာစေရန် အားပေးကြောင်း၊ ပြည်တွင်းထွက်ကုန်များကို ပြည်ပသို့ ကုန်ကြမ်းများ တင်ပို့ခြင်းထက် ကုန်ချောတင်ပို့ခြင်းများကိုသာ ဆောင်ရွက်လျက်ရှိကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ပို့ကုန်များမှာ အဓိကအားဖြင့် လယ်ယာထွက်ပစ္စည်းများ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ချော (CMP) နှင့် အခြားပစ္စည်းများဖြစ်ပြီး သွင်းကုန်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ CMP ကုန်ကြမ်းပစ္စည်းများကို အဓိကတင်သွင်းခြင်းဖြစ်သည်။ ကိုဗစ်-၁၉ မဖြစ်မီကာလအတွင်း ပြည်ပသို့ ပို့ကုန်တင်ပို့မှု နှစ်အလိုက် မြင့်တက်ခဲ့ပြီး ကိုဗစ်-၁၉အလွန်ကာလတွင် မြန်မာနိုင်ငံအနေဖြင့် စားနပ်ရိက္ခာအဓိကတင်ပို့သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာရေး မျှော်မှန်းနိုင်ခဲ့ရာ ဈေးကွက်သစ်ရှာဖွေမှုများ ပြုလုပ်သည့်နည်းတူ မိမိတို့ထုတ်လုပ်သည့် ကုန်ပစ္စည်းများ အရည်အသွေးမြင့်မားရေး၊ အစားအစာလုံခြုံစိတ်ချရမှုအပေါ် အာမခံနိုင်ရေး၊ အဆင့်အတန်းမြင့်သည့် ကုန်ချောများအဖြစ် ဈေးကွက်သို့တင်ပို့နိုင်ရေး စသည်တို့အတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် တောင်သူတို့ တညီတညွတ်တည်း အားထုတ်ကြိုးပမ်းကြရမှာဖြစ်သည်။

မြန်မာနိုင်ငံ၏ ရေမြေရာသီဥတုမှာ ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတို့ကို တစ်နှစ်ပတ်လုံး လည်ပတ်ထုတ်လုပ်နိုင်သည့် အခြေအနေရှိပြီး မွေးမြူရေးနှင့် ရေထွက်ကုန်လုပ်ငန်းများအတွက်လည်း အခြေခံလိုအပ်ချက်များ ပြည့်စုံစွာရှိနေသည်။ ခေတ်မီနည်းပညာ၊ အရင်းအနှီးနှင့် လူတို့၏ လုံ့လဝီရိယတို့ ပေါင်းစပ်ဆောင်ရွက်နိုင်သည်နှင့်အမျှ စားနပ်ရိက္ခာထုတ်လုပ်သည့် အဓိကနိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်ကာ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ် ရောက်ရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်း ဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်းသွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများရရှိခဲ့ပြီး ဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ အကြမ်းဖက်သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်မှုများကို ပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ ဆောင်ရွက်နေမည်ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက်မှ “အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်”ဟူသည့် ရှေ့လုပ်ငန်းစဉ်အရ လည်းကောင်း၊ “စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး” ဟူသည့် နိုင်ငံရေးဦးတည်ချက်အရ လည်းကောင်း စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်အချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးအောင်သိုက်ထွန်း | ပါမောက္ခချုပ်<br>ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)<br>ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ခ) ဒေါက်တာသန်းထွန်း | ပါမောက္ခချုပ်<br>ပုသိမ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးဇော်မင်းထွန်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၁

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို လေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ထိုသို့ ထုတ်ပေးရာတွင် ဇွန် ၂၁ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီတစ်ခုမှ Laboxib Capsule ၁၅၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၃၅၁ မျိုး ၃၉၆၅၉ ဒသမ ၇၅ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်



## ၂၀၂၃ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့် ကြေညာချက်

၂၀၂၃ ပညာသင်နှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများသို့ လျှောက်ထားလိုသူများသည် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံပါက မိမိတက်ရောက်လိုသော တက္ကသိုလ်များသို့ ဘွဲ့လွန်သင်တန်း ဝင်ခွင့်လျှောက်လွှာများကို (၁၉-၈-၂၀၂၂) ရက်နေ့ နောက်ဆုံးထား၍ တိုက်ရိုက်ပေးပို့ လျှောက်ထားနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာန၏ Facebook Page နှင့် Website တို့တွင် လည်းကောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website တွင် လည်းကောင်း၊ သက်ဆိုင်ရာတက္ကသိုလ်များ၏ Website များတွင် လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး (၁၆)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် ဇွန် ၂၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဇွန် ၂၂ ရက်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံက ဦးစီးကျင်းပမည့် (၁၆)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံတကာရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်စိုး နှင့် တာဝန်ရှိသူများလိုက်ပါသွားကြပြီး မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ (ယာပုံ)

**သတင်းစဉ်**



# ကျန်းမာရေးဝန်ကြီးဌာန ငါးမျိုးစိုက်ထည့်ခြင်းနှင့် မိုးရာသီ သစ်ပင်စိုက်ပျိုးခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၁**

ကျန်းမာရေးဝန်ကြီးဌာန၏ ငါးမျိုးစိုက်ထည့်ခြင်းနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမျိုးသားပရဆေးဥယျာဉ်နှင့် မင်္ဂလာကန်၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းနှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာ မောင်မောင်နိုင်တို့က ငါးမျိုးများကို စိုက်ထည့်ပေးသည်။




**ငါးသားပေါက် ၂၀၀၀၀ စိုက်ထည့်**

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာန အသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများက ငါးကြင်းရွှေဝါ ငါးသားပေါက် အကောင်ရေ ၁၀၀၀၀ နှင့် ငါးမြစ်ချင်း ငါးသားပေါက် အကောင်ရေ ၁၀၀၀၀ စုစုပေါင်း ငါးသားပေါက် အကောင်ရေ ၂၀၀၀၀ ကို စိုက်ထည့်ပေးကြသည်။

**စိုက်ပျိုးပေးကြ**

ထို့နောက် အမျိုးသားပရဆေးဥယျာဉ်တွင် ကျန်းမာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင် စိုက်ပျိုးခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ကံ့ကော်ပင်ကို လည်းကောင်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာ မောင်မောင်နိုင်က ကရမက်ပင်ကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက သရဖီပင်ကို လည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က စကားဝါပင်ကို လည်းကောင်း စိုက်ပျိုးပေးကြပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများက နှစ်ရှည်တိုင်းရင်းဆေးဖက်ဝင် အပင်များဖြစ်ကြသည့် ကံ့ကော်၊ ကရမက်၊ သရဖီ၊ စကားဝါ၊ နံ့သာဖြူ၊ ကရဝေး၊ သစ်ကြံပိုး၊ ရှိန်းခို၊ သစ်ဆိမ့်၊ ပုတီးဖြူ၊ ရင်ခတ်၊ ပုန်းညက် စသည့်တိုင်းရင်းဆေးဖက်ဝင်အပင်များကို စိုက်ပျိုးပေးကြသည်။

**လိုက်လံကြည့်ရှုအားပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နှစ်ရှည်တိုင်းရင်းဆေးပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

# ခရိုင်အဆင့် ဌာနဆိုင်ရာရုံးများအတွက် မြေနေရာလျာထားမှု ရှင်းလင်းတင်ပြ

**သာယာဝတီ ဇွန် ၂၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက နတ်တလင်းမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) သိုလှောင်ရုံ(၁)ဝင်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ နတ်တလင်း မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ခရိုင်အဆင့် ဌာနဆိုင်ရာရုံးများ ယာယီအသုံးပြုနိုင်ရေး အဆောက်အအုံများ လျာထားဆောင်ရွက်မှုနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ ရုံးများအတွက် မြေနေရာ လျာထားမှုကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေးနှင့် လုံခြုံရေးများ ကြိုတင် စီမံဆောင်ရွက်ထားရန် မှာကြားပြီး ခရိုင်အဆင့်ဌာနဆိုင်ရာရုံးများ ယာယီအသုံးပြုမည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နတ်တလင်းမြို့ ကြခတ်ဝါးရုံကျေးရွာ၌ မိုးစပါး စုပေါင်းထွန်ယက်ပွဲနှင့် ဇီးကုန်းမြို့ ကန္တလီကျေးရွာ မိုးစပါးအစေ့ချ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး**(အပေါ်ယာပုံ)** ဆည်ရေသောက်ဧရိယာအတွင်းဖြစ်သဖြင့် တစ်နှစ်



သုံးသီး စိုက်ပျိုးရမည်ဖြစ်၍ သက်တမ်းတိုသည့် စပါးမျိုးနှင့် တောင်သူ တွက်ခြေကိုက် မတ်ပဲ (ရေဆင်း-၇)တို့ စိုက်ပျိုးရန် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသကြက်မွေးမြူနိုင်ရေး ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကြို့ပင်ကောက်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး မိခင်ကွယ်လွန်၍ ကျန်ရှိခဲ့သည့် ရက်သားကလေး သုံးမြွာပူးနှင့် ကလေးဖခင်တို့အား သွားရောက်တွေ့ဆုံပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁/၂/၃)ပါ သဘောတူညီချက်များနှင့် ပတ်သက်၍ လည်းကောင်း၊ အစိတ်အပိုင်း(၃)မှ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့် ဇယား-၂ ပါ ဆွေးနွေးရန်အချက်များနှင့်ပတ်သက်၍ လည်းကောင်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီမှ လေ့လာဆန်းစစ်ဖော်ထုတ်စိစစ်ရေးအဖွဲ့၏ တွေ့ရှိချက်များအား ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ရှင်းလင်းတင်ပြသည်။ ထို့နောက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများအား နှစ်ဖက်ဆွေးနွေးညှိနှိုင်းကြပြီး ၃ ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းနောက် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးနှင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားစာအုပ်၊ မှတ်တမ်းစာအုပ်များ၊ ခေတ်နှင့်အညီ ပြန်လည်ပြုစုထားသည့် မြန်မာ့စွယ်စုံကျမ်း (အတွဲ-၁) တို့နှင့် လက်ဆောင်ပစ္စည်းများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ ကျင်းပစဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ရခိုင်ပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဝန်ထမ်းများနှင့်တွေ့ဆုံ

စစ်တွေ ဇွန် ၂၁

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ရခိုင်ပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)

**တက်ရောက်**

အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်စောဝင်းနှင့် ဒေါ်နုမြဖ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်း၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မရှင် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်





ရှေ့လုပ်ငန်းစဉ် (၅) ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ လူဦးရေစာရင်းကောက်ယူပြီးစီးမှု၊ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စွာပြုစုရေးဆိုင်ရာများ၊ PR စနစ်ဖြင့် ရွေးကောက်ပွဲ ပြောင်းလဲကျင်းပပေးမည့်အခြေအနေ၊ မဲဆန္ဒရှင်စာရင်းများပြုစုရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ပါတီများကို ဥပဒေနှင့်အညီ စစ်ဆေးနေမှု၊ ပါတီများကို စစ်ဆေးနေခြင်းသည်လည်း နောင်ရွေးကောက်ပွဲများတွင် မှန်မှန်ကန်ကန် ဖြစ်နိုင်ရေးအတွက် စစ်ဆေးနေမှု၊ ရွေးကောက်ပွဲအတွက် အမှားအယွင်းမရှိအောင် စီစဉ်နေမှု၊ ရခိုင်ပြည်နယ်တွင် လိုအပ်ပါက မဲရုံများ ထပ်မံတိုးချဲ့နိုင်ရေး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ ရွေးကောက်ပွဲ ထပ်မံကျင်းပနိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်နေသည့် အတွက် ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ကိစ္စများကို ပြောကြားသည်။

**လူဦးရေစာရင်း ပြုစုပြီးစီးမှုတင်ပြ**

ထို့နောက် ရခိုင်ပြည်နယ် ရွေးကောက်ပွဲအရာရှိ ဦးသူရိန်ထွဋ်က ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၏ ဝန်ထမ်းများ ခန့်အပ်ထားမှု၊ ရုံးအဆောက်အအုံ မြေနေရာရရှိမှုနှင့် မဲစာရင်းပြုစုရန်အတွက် လိုအပ်သောလူဦးရေစာရင်းပြုစုပြီးစီးမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ရခိုင်ပြည်နယ်တာဝန်ခံ ဒေါ်နုမြဖ်က ဖြည့်စွက်ဆွေးနွေး တင်ပြသည်။ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့သည် စစ်တွေမြို့၌ ရွေးကောက်ပွဲ ကော်မရှင်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြတောင်းခံထားသည့် မြေနေရာသို့ လည်းကောင်း၊ ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး၊ စစ်တွေခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့် စစ်တွေမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများသို့ လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**ရွှေတောင် ဇွန် ၂၁**

ရွှေတောင်မြို့နယ်၏ ၂၀၂၂ ခုနှစ် ဇွန်လအတွင်း ကျေးရွာ ၁၀ ရွာ စိစစ်ရွေးချယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး တောင်သူ အသိပညာပေး ကွင်းဆင်းဆောင်ရွက်ခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မင်းကွန်းကျေးရွာအုပ်စု တပ်သစ်ကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ဌာနအလိုက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများသို့ ရှင်းလင်းဆွေးနွေးခြင်း၊ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ဒေသခံများက သိရှိလိုသည်များ မေးမြန်းရာ သက်ဆိုင်ရာဌာနများက ပြန်လည်ဖြေကြားသည်။ **ကိုကိုမင်း(ပြန်/ဆက်)**

## ဘူးသီးတောင်မြို့နယ်၌ ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဘူးသီးတောင် ဇွန် ၂၁**

ဘူးသီးတောင်မြို့နယ် ကျေးရွာများ၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်မည့် ရေပေးရေးလုပ်ငန်းများကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ ညနေပိုင်းက ဆောင်ရွက်သည်။

အဆိုပါ စစ်ဆေးဆောင်ရွက်ရာတွင် ဘူးသီးတောင်မြို့နယ် ငလှမ်းပြင်ကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂- ၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မြေသားရေကန်အနက်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း ဆောင်ရွက်မည့်လုပ်ငန်းတို့ကို တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများ၊ သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့်ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ဆုရ ကရင်ပြည်နယ်အသင်းအား ဂုဏ်ပြု

**ဘားအံ ဇွန် ၂၁**

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ဆုရ ကရင်ပြည်နယ် တိုက်ကွမ်ဒို အသင်းအား ဂုဏ်ပြုဆုချီးမြှင့်သည့်အခမ်းအနားကို ဇွန် ၂၁ ရက် နံနက်က ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။





ဂုဏ်ပြုဆုချီးမြှင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ် ကိုယ်စားပြု အမျိုးသား ရှစ်ဦး၊ အမျိုးသမီး နှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် ငွေတံဆိပ် နှစ်ဆုနှင့် ကြေးတံဆိပ် နှစ်ဆု ရယူဆွတ်ခူးပေးခဲ့သည့်အတွက် ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ လာမည့်နှစ်များတွင်လည်း ယခုထက်ပိုမိုတိုးတက် အောင်မြင်အောင် ကြိုးစားအားထုတ်ပြီး တိုက်ကွမ်ဒိုအားကစားနည်းဖြင့် ကရင်ပြည်နယ်၏ဂုဏ်ကို မြှင့်တင်ဂုဏ်ဆောင်ပေးနိုင်ကြ သူများအဖြစ် ဆက်လက်ကြိုးပမ်းအားထုတ်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး **(အပေါ်ပုံ)**၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်ဝန်ကြီး ဦးစိုးလွင်တို့က ဆုတံဆိပ်ရ အားကစားသမားများနှင့် နည်းပြ/အုပ်ချုပ်သူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီနှစ်ပတ်လည်အစည်းအဝေး (၂၀၂၂)ကျင်းပ

**နေပြည်တော် ဇွန် ၂၁**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီနှစ်ပတ်လည်အစည်းအဝေး (၂၀၂၂)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)



အခမ်းအနားသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)နှင့် ဗဟိုအမှုဆောင်အဖွဲ့ဝင်များ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဗဟိုကောင်စီဝင် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်များမှ ဗဟိုကောင်စီဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသား ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ တန်းတူပြိုင်တူဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများတွင် တပ်မတော်၏ အရန်အင်အားများအဖြစ် တာဝန်သိသိဖြင့် ပါဝင်ဆောင်ရွက်ရန်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ စည်းလုံးညီညွတ်စွာဖြင့် အချင်းချင်းအပြန်အလှန် အကူအညီပေးရန်၊ နိုင်ငံတော်အကျိုးပြုလုပ်ငန်းများတွင် စုစည်းညီညွတ်စွာဖြင့် ပါဝင်ဆောင်ရွက်ရန်ဆိုသည့် ရည်ရွယ်ချက် ၄ ရပ်ကို အခြေခံလျက် ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့သည် ပါတီနိုင်ငံရေးအနှောင်အဖွဲ့ကင်းပြီး မိမိတို့ကိုယ်တိုင် ဆန္ဒပြုလျှောက်ထားသည့် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အမျိုးသားအကျိုးစီးပွားကာကွယ်သည့်လုပ်ငန်းများကို လွတ်လွတ်လပ်လပ် ဂုဏ်သိက္ခာရှိရှိ ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း။

မိမိတို့အဖွဲ့ကြီး၏ အခြေခံသည် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့များပင်ဖြစ်ကြောင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့များ၏ အရည်အသွေး တိုးတက်ကောင်းမွန်မှသာ တိုင်းဒေသကြီး/ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များ တိုးတက်ကောင်းမွန်မည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးလည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် တိုင်းဒေသကြီး/ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့များအနေဖြင့် စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ ရည်ရွယ်ချက် ၄ ရပ်၊ ရှေ့လုပ်ငန်းစဉ် ၇ ရပ်၊ လုပ်ငန်းကဏ္ဍကြီး ၅ ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်သကဲ့သို့ ညီလာခံ (၂၀၂၁) တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှာကြားချက်များကိုလည်း တစိုက်မတ်မတ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယခုအခါ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို တပ်မတော်နှင့်ပူးတွဲ၍ ထမ်းဆောင်နေကြရသည့်အတွက် မိမိအနေဖြင့် များစွာလေးစားဂုဏ်ယူမိပါကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများကို သုံးသပ်လျက် တာဝန်ပေးအပ်လာသည့်အခါ တာဝန်ယူနိုင်ရန်အတွက်လည်း တစ်ဦးချင်းအနေဖြင့် သော်လည်းကောင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းလိုက်သော်လည်းကောင်း ပြင်ဆင်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့များတွင် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းရေး၊ နယ်မြေကြီးကြပ်ရေး တာဝန်ခံများ ခန့်အပ်ရေးနှင့် လစ်လပ်တာဝန်နေရာများကို ပူးတွဲထမ်းဆောင်ရေးစာတမ်းကို ဗဟိုအမှုဆောင်အဖွဲ့ အတွင်းရေးမှူးက ဖတ်ကြားတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့များနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့များ၏ ဆောင်ရွက်ချက်များ၊ စစ်ဆေးတွေ့ရှိချက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက သုံးသပ်ဆွေးနွေးကြသည်။

ဆက်လက်၍ ဗဟိုအမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူးက (၂၀၂၂-၂၀၂၃)ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းကို ဖတ်ကြားခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်များမှ ဗဟိုကောင်စီဝင်များနှင့် ဗဟိုကောင်စီဝင် တပ်မတော်အရာရှိကြီးများက ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဖတ်ကြားတင်ပြခြင်းများ ဆောင်ရွက်ကြပြီး ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ ဗဟိုအမှုဆောင်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း၊ တက်ရောက်လာသူများက အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့တွင် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းရေး၊ နယ်မြေကြီးကြပ်ရေးတာဝန်ခံများ ခန့်အပ်ရေးနှင့် လစ်လပ်တာဝန်နေရာများကို ယာယီပူးတွဲထမ်းဆောင်ရေးတို့နှင့် သက်ဆိုင်သည့် စာတမ်းများကို အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းများ ဆောင်ရွက်ကြပြီး သဘာပတိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)က နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲတွင် ခြင်းလုံးအားကစားနည်း ထည့်သွင်းကျင်းပရန်အတွက် ဆွေးနွေးမှုများပြုလုပ်ရန် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နှင့် အာရှခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ ထွက်ခွာ

**ရန်ကုန် ဇွန် ၂၁**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၃ ခုနှစ် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာအားကစားနည်းဖြစ်သည့် ခြင်းလုံးအားကစားနည်း ထည့်သွင်းကျင်းပရန်အတွက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နှင့် အာရှခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်၊ အာရှခြင်းလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အကြံပေး ဦးပြည့်စုံမြင့်တို့သည် ဇွန် ၂၁ ရက်က ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်နှင့် အာရှခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင် ဦးဆောင်သည့်အဖွဲ့သည် ကမ္ဘောဒီးယား ခြင်းလုံးအဖွဲ့ချုပ်နှင့် ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ Dr. Meas Sarin ၏ ဖိတ်ကြားချက်အရ သွားရောက်ခြင်းဖြစ်ပြီး လာမည့် ဆီးဂိမ်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပရန် စီစဉ်ထားသည့် ခြင်းလုံးအားကစားနည်းနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာ့ရိုးရာအားကစားနည်းဖြစ်သည့် ခြင်းလုံးအားကစားနည်းကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် စတင်ထည့်သွင်းကျင်းပခဲ့ပြီး ၂၀၁၅ စင်ကာပူဆီးဂိမ်းပြိုင်ပွဲနှင့် ၂၀၁၇ မလေးရှား ဆီးဂိမ်းပြိုင်ပွဲတို့တွင် ဆက်တိုက် ပါဝင်ခဲ့သော်လည်း ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲနှင့် နောက်ဆုံးကျင်းပသည့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတို့တွင် ပါဝင်ခဲ့ခြင်းမရှိပေ။ ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲတွင် ခြင်းလုံးအားကစားနည်းကို ပြန်လည်ထည့်သွင်းကျင်းပရန် စီစဉ်ထားသဖြင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်နှင့် အာရှခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင် ဦးဆောင်သည့် အဖွဲ့က သွားရောက်ဆွေးနွေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နှင့် အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်သည် လာမည့် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာခြင်းလုံးအသင်းများ ရွှေတံဆိပ်ရယူနိုင်ရေး ဆက်လက်ပြင်ဆင် ဆောင်ရွက်သွားမည်ဖြစ်သည်။ **ကိုညီလေး**





## ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၁**

ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ကျင်းပရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သစ်လွင်ထူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပိုက်ကျော်ခြင်း ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဇွန် ၂၅ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ရည်မှန်းချက်ထား အမြဲကြိုးစား

ဗညားကျန်းထော

**ထီပေါက်သလိုပျော်သော ပျော်ရွှင်မှုခံစားချက်မျိုး မခံစားရသည်မှာ ကြာတောင့်ကြာခဲ့ပြီ။ ချစ်သူဆီက အဖြေရသောနေ့၊ ရှင်လိုင်ပြန်သောနေ့၊ ထောင်က ထွက်သောနေ့၊ ထိမ်းမြားမင်္ဂလာ လက်ထပ်ပွဲဆင်နွှဲသောနေ့ သို့မဟုတ် မင်္ဂလာဦးည စသည်ဖြင့် စိတ်လှုပ်ရှားရသော အမှတ်တရအချိန်ကာလမျိုးတွေ ရှိတတ်ကြပေသည်။ ရာထူးတိုးခြင်း၊ စာပေဆုရခြင်းများသည်လည်း ဝမ်းသာခဲ့ရပါ၏။ ကိုယ့်ဘဝ ကိုယ့်ကိစ္စ၊ ကိုယ့်အတွက်ဟုဆိုရမည့် ပျော်ရွှင်ခြင်းမျှသာ။**

၁၇-၆-၂၀၂၂ ရက်နေ့ (သောကြာနေ့)တွင် မိမိပျော်ရွှင်ရခြင်းကား ကိုယ့်အတွက် ကိုယ်ရေးကိုယ်တာ ဘာမျှမပါ။ ထိုနေ့နံနက်က သွားဆေးကုဌာန ဆေးရုံသို့ သွားရောဂါသွားပြရသည်။ ဆရာဝန်နှင့် စကားပြောရင်း တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းအကြောင်း၊ သူနာပြုဘယ်သူဘယ်ဝါ၏သမီး အောင်ကြောင်း၊ သူ့ဆွေမျိုးတွေရှိရာ (ဒေါက်တာတို့)ပြည်နယ်တစ်ခုမှ သူတို့ပြည်နယ်သည် တစ်နိုင်ငံလုံးမှာ ၅၇ ဒသမ ၂၁ ရာခိုင်နှုန်းဖြင့် အောင်ချက်အကောင်းဆုံးအခြေအနေကို သိရှိရကြောင်း စသည်ဖြင့် ဒေါက်တာက ဝမ်းသာအားရပြောပြသည်။ လမ်းမှာတွေ့ရသည့် မိတ်ဆွေတစ်ဦးကလည်း သူ့သားစာမေးပွဲအောင်ကြောင်း လာပြောသည်။ ဝမ်းသာခြင်းက မုဒိတာဖြင့် ကူးစက်မျှဝေခံစားရသည်။

အိမ်မှာလာရောက်ကူညီလုပ်ကိုင်ပေးနေသော တောက ဆွေမျိုးတူမလေးကလည်း ယနေ့ တက္ကသိုလ်ဝင်စာမေးပွဲမှာ သူဂုဏ်ထူး တစ်ဘာသာဖြင့် အောင်မြင်ကြောင်း မှိုရသောမျက်နှာဖြင့် လာပြောသည်။ အညာကဇာတိရွာမှ နှမဝမ်းကွဲတစ်ယောက်ကလည်း ဘယ်သူဘယ်ဝါ၏သမီး တစ်ဘာသာ(ဘောဂဗေဒ)ဂုဏ်ထူးပါပြီး ဆယ်တန်းစာမေးပွဲ နှစ်ချင်းပေါက် အောင်ကြောင်း ဖုန်းထဲမှာ ဝမ်းသာတက်ကြွနေသောလေသံဖြင့် အသိပေးသည်။ ကျေးရွာမှာ ဒါမျိုးကရှား၏။

ကျရှုံးသူတွေ ဘယ်သူတွေရှိလေသနည်းတော့ မသိ။ မိမိယနေ့ထိတွေ့ သိရှိရသမျှကတော့ အပြုံးပန်းတွေ အပြိုင်အဆိုင်ဝေနေကြသော မင်္ဂလာသတင်းတွေချည်း ကြားနေရပေသည်။

**လှိုက်လှိုက်လှဲလှဲ ပျော်ရွှင်စရာကောင်းသောနေ့**

၂၀၂၂ ယခုနှစ် တက္ကသိုလ်ဝင်တန်းအောင်စာရင်းမှာ နှစ်တိုင်းကထက် သိသိသာသာအောင်ချက်နှုန်းပိုကောင်းသည်ဟု ထင်မိပါသည်။ အောင်ချက် ၄၆ ဒသမ ၈၈ ရာခိုင်နှုန်းဟု သိရပေသည်။ ဆယ်တန်းစာမေးပွဲဖြေဆိုသူပေါင်း တစ်နိုင်ငံလုံးမှလူဦးရေ ၂၈၁၇၅၁ ဦး(နှစ်သိန်းရှစ်သောင်းကျော်)ရှိခဲ့ပါသည်။ အောင်မြင်သော ကျောင်းသား ကျောင်းသူဦးရေ ၁၃၂၀၇၇ ဦး (တစ်သိန်းသုံးသောင်းကျော်) ရှိသည်ဆို၏။ လူငယ်ကျောင်းသားမောင်မယ်ပေါင်း တစ်သိန်းကျော် တက္ကသိုလ်ဝင်စာမေးပွဲအောင်ခြင်းသတင်းကား လှိုက်လှိုက်လှဲလှဲ ဝမ်းသာပျော်ရွှင်စရာကောင်းသောနေ့ အမှန်ပါတည်း။ စာမေးပွဲအောင်သော လူငယ်တစ်ဦးချင်းစီနှင့် သူတို့၏မိဘနှစ်ပါး၊ သူတို့ ဆရာ ဆရာမများ၊ ဆွေမျိုး၊ ရပ်ရွာအသိုက်အဝန်းများပါ ပျော်ရွှင်မှုတွေ ပျံ့နှံ့ကူးစက်လာကြသဖြင့် စာရေးသူအပါအဝင် မိသားစုတစ်အိမ်လုံးပင် ပျော်ရွှင်နေမိပါတော့သည်။ မျက်နှာတွေကြည်လင်၊ စကားသံတွေပိုကျယ်၊ ရယ်မောသံများမြိုင်မြိုင်ဆိုင်ဆိုင်။

မန္တလေးတိုင်းဒေသကြီးလည်း အောင်ချက်ကောင်းလှသည်ဟု သတင်းရ၏။ ၄၉ ဒသမ ၉၂ ရာခိုင်နှုန်းဆိုတော့ ၅၀ ရာခိုင်နှုန်းဟုပင် ဆိုနိုင်ပါ၏။ ပို၍ထူးခြားသည်မှာ မန္တလေးမြို့ အမှတ်(၁၆) အထက်တန်းကျောင်းမှ မအိမ့်မှူးခင်သည် ရမှတ် ၅၅၈ မှတ်ဖြင့် ပထမရရှိခြင်းဖြစ်၏။ သူက သိပ္ပံဘာသာတွဲမှာ ပထမရသူလည်းဖြစ်၏။ ဘာသာတွဲအလိုက် တစ်နိုင်ငံလုံးမှာ ပထမရသူများလည်း ထူးချွန်ကြပါပေသည်။

ဝိဇ္ဇာဘာသာတွဲအမှတ်အများဆုံး ပထမရရှိသူမှာ ကျွန်းလှမြို့နယ် သစ်ရာမြိုင် အထကမှ ၅၃၄ မှတ်ရသူ မငြိမ်းမို့မို့ထွန်း ဖြစ်လေသည်။

“ လွတ်လပ်ရေး၊ တော်လှန်ရေး၊ ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ဒီမိုကရေစီ စသည့် ဝေါဟာရများသည် စာအုပ်စာပေထဲတွင် ဥပဒေစကားလုံးကဲ့သို့ တိကျစွာ အနက်အဓိပ္ပာယ် ဖွင့်ထားခြင်းမျိုး ရှိကောင်းရှိကြမည်။ တကယ့် လက်တွေ့ဘဝတွင်တော့ ကမ္ဘာပေါ်မှာ ဒီမိုကရေစီ စနစ်ဆိုပြီး ကြိုးစားလုပ်ဆောင်နေကြသော နိုင်ငံပေါင်း ၉၁ နိုင်ငံကျော်ကျော်မှာ ဒီမိုကရေစီစံနှုန်းများဖြင့် ညီညွတ်သောနိုင်ငံဟူ၍ ၁၉ နိုင်ငံမျှသာ ရှိသေးသည်ဟူသော အချက်မျိုးက အခြေခံကျကျ သိရမည့်အရာ ဖြစ်ပေ ”

ဝိဇ္ဇာသိပ္ပံဘာသာတွဲအမှတ်အများဆုံး ပထမရရှိသူမှာ ဘီးလင်းမြို့နယ် တောင်စွန်းအထကမှ ၅၂၂ မှတ်ရသူ မောင်ဆန်းဝင်းနောင်ဖြစ်ပေသည်။

မအိမ့်မှူးခင်(မန္တလေး)၊ မငြိမ်းမို့မို့ထွန်း (ကျွန်းလှ)နှင့် မောင်ဆန်းဝင်းနောင်(ဘီးလင်း)တို့ ကဲ့သို့ အမှတ်အများဆုံး ထိပ်ဆုံး ၁၀ ဦး အမည်စာရင်းများကိုလည်း လက်ကိုင်ဖုန်းထဲက တယ်လီဂရမ်(Myanmar Update News) သတင်းမှာ စာရင်းဇယားဖြင့် ဖော်ပြထုတ်ပြန်ပေးထားသည်။

ကြေးမုံသတင်းစာတွင် ဖော်ပြထားသော မန္တလေးအထက(၁၆)မှ ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး အောင်မြင်ကြသူ ၁၃၂၀၇၇ ဦးမှ အမှတ် ၅၅၈ မှတ်ဖြင့် ပထမစွဲသော ကျောင်းသူ မအိမ့်မှူးခင်၏ စကားသံကလည်း မှတ်သားစရာကောင်းသည်။

**အနာဂတ်အတွက် အကောင်းဆုံးကြိုးစား**

“ဒီလိုအောင်မြင်ဖို့အတွက် စာသင်နှစ်အစကတည်းက တစ်နေ့စာတစ်နေ့ မှန်မှန်လုပ်တဲ့အပြင် သင်ပြီးတဲ့စာတွေကိုလည်း အချိန်မှန်ပြန်လေ့ကျင့်ပါတယ်။ သမီးက ကလေးဘဝကတည်းက အခုအချိန်အထိ စာတွေသင်ကြားပေးတဲ့ ဆရာ ဆရာမတွေ၊ ယခု တက္ကသိုလ်ဝင်စာမေးပွဲမှာလည်း သေသေချာချာ သင်ကြားပြသပေးခဲ့ကြတဲ့ ဆရာ ဆရာမတွေအားလုံးကို ကျေးဇူးတင်ရှိပါတယ်။ တက္ကသိုလ်ဝင်တန်း စတင်တက်ရောက်တဲ့အချိန်မှာတော့ အမှတ်ကောင်းရမယ်၊ ဂုဏ်ထူးလည်းထွက်ရမယ်ဆိုတဲ့ ရည်မှန်းချက်မျိုးတော့ ရှိခဲ့ပါတယ်။ ဒါပေမယ့် အခုလိုတစ်နိုင်ငံလုံး ပထမရမယ်လို့တော့ မမျှော်လင့်ခဲ့ပါဘူး။ အခုလို ပထမရတဲ့အပေါ်မှာ ဝမ်းသာမိပါတယ်။ သမီးရဲ့ အဖေနဲ့အမေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ စာမေးပွဲမှာ ဘယ်လိုရလဒ်တွေပဲထွက်ထွက် အနာဂတ်အတွက် တတ်နိုင်သမျှ အကောင်းဆုံးကြိုးစားကြပါလို့ တိုက်တွန်းလိုပါတယ်”။

အသက် ၁၆ နှစ်၊ ၁၇ နှစ် အရွယ်သည် ဆယ်ကျော်သက်အရွယ်ဖြစ်သည်။ ကလေးမဟုတ်တော့သော်လည်း လူကြီးလည်း ပီပီသသ မဟုတ်သေး။ အသက်အပိုင်းအခြားအရ ၁၈ နှစ်ပြည့်ပြီးလျှင် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ နိုင်ငံသားတစ်ယောက်၏ တာဝန်နှင့် အခွင့်အရေးအရ ရွေးကောက်ပွဲမှာ မဲဆန္ဒပေးပိုင်ခွင့်တော့ ရကြပေပြီ။ ထို့ကြောင့် အသက် ၁၈ နှစ်ကျော်သော တက္ကသိုလ်ကျောင်းသား ကျောင်းသူများသည် နိုင်ငံရေးကို လေ့လာသိရှိသင့်ကြပါသည်။ ပတ်ဝန်းကျင်မှာ ရေပန်းစားနေသော ဝါဒရေးရာများ၊ ဆွဲဆောင်နေမှုများသည် အချိန်အခါ၊ အခြေအနေနှင့် ကိုက်ညီသည်လည်း ရှိနိုင်သည်။ မကိုက်ညီဘဲရှိကြသည်ကိုလည်း တွေ့ရနိုင်သည်။ လွတ်လပ်ရေး၊ တော်လှန်ရေး၊ ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ဒီမိုကရေစီ စသည့် ဝေါဟာရများသည် စာအုပ်စာပေထဲတွင် ဥပဒေစကားလုံးကဲ့သို့ တိကျစွာ အနက်အဓိပ္ပာယ် ဖွင့်ထားခြင်းမျိုး ရှိကောင်းရှိကြမည်။ တကယ့် လက်တွေ့ဘဝတွင်တော့ ကမ္ဘာပေါ်မှာ ဒီမိုကရေစီ စနစ်ဆိုပြီး ကြိုးစားလုပ်ဆောင်နေကြသော နိုင်ငံပေါင်း ၉၁ နိုင်ငံကျော်ကျော်မှာ ဒီမိုကရေစီစံနှုန်းများဖြင့် ညီညွတ်သောနိုင်ငံဟူ၍ ၁၉ နိုင်ငံမျှသာ ရှိသေးသည်ဟူသော အချက်မျိုးက အခြေခံကျကျ သိရမည့်အရာ ဖြစ်ပေသည်။

**ဝါဒရေးမှိုင်းတိုက် သံသရာလည်**

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးနောက် ၁၉၄၅-၁၉၅၀ ကာလဆီမှ ၂၀ ရာစု ဒုတိယနှစ် ၅၀ ကာလကို ဖြတ်သန်းခဲ့ကြသော အရှေ့တောင်အာရှနိုင်ငံများသည် နောက်ခံအကြောင်းအမျိုးမျိုးဖြင့် လက်နက်ကိုင်ဆူပူတိုက်ခိုက်မှုများဖြင့် လုံးချာလည်လိုက်ခဲ့ကြ၏။ လာအို၊ ကမ်ပူးချား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှား၊ မြန်မာ စသည်တို့မှာ မငြိမ်သက်ခဲ့။ လက်နက်ကိုင်ပုန်ကန်ခြားနားသောတိုက်ပွဲများကြောင့် ပြည်သူလူထုအများစု ဒုက္ခရောက်ခဲ့ကြရ၏။ ပြင်သစ်၊ အမေရိကန်၊ ဗြိတိန်စသော အနောက်တိုင်း အရင်းရှင်နယ်ချဲ့များ၏ အားပေးထောက်ပံ့မှုများ၊ လက်ဝဲအစွန်းရောက်နိုင်ငံအချို့၏ ဝါဒရေးမှိုင်းတိုက်မှုကြောင့်လည်း ဆင်းရဲခြင်းသံသရာ လည်ခဲ့ကြရလေသည်။

တတိယထောင်စုနှစ်ကို ကူးပြောင်းရောက်ရှိလာသောအချိန်တွင်မူ အရင်းရှင်နယ်ချဲ့လက်အောက် ဩဇာသက်ရောက်မှုများ လျော့ပါးကာ စက်မှုခေတ်မှသည် နည်းပညာခေတ်၊ အဆင့်မြင့်နည်းပညာခေတ်ဆီသို့ ၁၉၈၈ နောက်ပိုင်း (နှစ်ပေါင်း ၃၀ အတွင်း) ၂၁ ရာစုအချိန်ကာလသည် အာရှခေတ်ကောင်းထူးခြားဆန်းသစ်မည့် အလားအလာဟု နိုင်ငံတကာအကဲခတ်လေ့လာသူများက ပြောကြားလာကြသည်။

ခေတ်သစ်တစ်ခုကို အရှိန်အဟုန်ဖြင့် ကူးပြောင်းရတော့မည့် ယနေ့အချိန်အခါတွင် ၂၀၂၂ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့ကြသူ သုံးသိန်းနီးနီးထဲမှ စာမေးပွဲအောင်မြင်ခဲ့သော တစ်သိန်းကျော်လူငယ်လေးများသည် အတော် ထုသားပေသားရသော ပင်ကိုစွမ်းရည် သန်မာကြသူများဟု တန်ဖိုးဖြတ်ရပေလိမ့်မည်။ တစ်ကမ္ဘာလုံးချီကာ ကူးစက်ဖြစ်ပွားကာအသေအပျောက်ကြောက်စရာကောင်းလောက်အောင်ခြိမ်းခြောက်သော ကူးစက်မြန် အဆုတ်ရောဂါ ကိုဗစ်-၁၉ ၏ ကပ်ရောဂါဘေးကြီးကို ဖြတ်သန်းကြရသည်။ မိသားစုထဲမှဖြစ်စေ၊ ဆွေမျိုးထဲမှ ဖြစ်စေ၊ ရပ်ရွာထဲမှဖြစ်စေ ကိုဗစ်-၁၉ ကြောင့် နေ့မြင် ညပျောက် သင်္ချိုင်းရောက်သွားသူတွေကို မြင်တွေ့ခဲ့ကြရမည်။

အလားတူ စိတ်ချောက်ချားစရာကောင်းလှသော ဘေးဆိုးအန္တရာယ်ဆိုး နောက်တစ်ရပ်မှာ မြန်မာ့အကျိုးကို မလိုလားသည့် နိုင်ငံတကာအဖွဲ့အစည်းအချို့နှင့် နိုင်ငံအချို့၏ မြှောက်ပင့်သွေးထိုးမှုဖြင့်၊ အလှူငွေ၊ ထောက်ပံ့ငွေများဖြင့် ကျောင်းများကိုဖုံးခွဲ၊ ဆရာ ဆရာမများကို သတ်၊ ရဟန်းသာမဏေများကို သတ်ဖြတ်၊ ကျောင်းသားတွေ ကျောင်းမတက်ရဲအောင် ခြိမ်းခြောက်၊ (ကျောင်းများကို ဗုံးခွဲတိုက်ခိုက်ခြင်းမျိုးကို ကမ္ဘာပေါ်တွင် ဘယ်နိုင်ငံကမှ လက်မခံသော စစ်ရာဇဝတ်မှုမြောက်သည့် ယုတ်မာရက်စက်ရိုင်းစိုင်းမှုများ) လုပ်ဆောင်နေသည့် CRPH, NUG, PDF စသော အဖျက်လုပ်ရပ် လက်နက်ကိုင်အကြမ်းဖက်တို့၏ ပြည်သူများကို နှိပ်စက်ညှဉ်းဆဲမှုများဖြစ်၏။ လူငယ်များ ကြားနေ မြင်နေခဲ့ကြ၏။

**ရဲရဲဝံ့ဝံ့ဖြတ်သန်း လွန်မြောက်**

ပြည်သူလူထုကို ခြိမ်းခြောက်ရန်လုပ်ကာ လက်နက်အားကိုးဖြင့် နွားရူးဆူးတိုးလုပ်ဆောင်နေခြင်းများကြောင့် ရဟန်းသံဃာများ၊ အရပ်သူအရပ်သားများ၊ အပြစ်မရှိသော ဆရာ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများအပါအဝင် ၃၀-၄-၂၀၂၂ ရက်နေ့အထိ သေဆုံးရရှာသူ ၂၇၀၀ ကျော်ခဲ့ပြီ။ ကျောင်းသွားရင်း၊ လမ်းသွားရင်း၊ အိမ်မှာနေရင်း NUG, PDF, လက်နက်ကိုင် အကြမ်းဖက်သတ်ဖြတ်ဗုံးခွဲမှုကြောင့် အကာလ မရဏဖြင့် သေလွန်ရခြင်းများကို ကြားနေမြင်နေကြရသည်။ ကျောင်းသွားရတာ တထိတ်ထိတ်၊ စာသင်ရတာပင် တလန့်လန့်၊ စာကျက်ရတာ စိတ်မဖြောင့်။ ကျောင်းသား ကျောင်းသူ လူငယ်ပေါင်းများစွာကို စိတ်ဆင်းရဲအောင် ဖိစီးနှိပ်စက်သော ဘေးဆိုးအား ရဲရဲဝံ့ဝံ့ဖြတ်သန်း လွန်မြောက်ခဲ့ကြသည်။

တက္ကသိုလ်တက်လျှင် ဖြောင့်ဖြောင့်မတက်ရအောင်၊ အလုပ်ခွင်ဝင်လျှင် ပျော်ပျော်ရွှင်ရွှင် မလုပ်ရအောင် ထိုအဖျက်သမားအချို့တို့သည် ဆက်လက်နှောင့်ယှက် ဖျက်ဆီးနေကြဦးမည်ပဲဖြစ်၏။ အဘယ်ကြောင့်နည်း။

ပြည်ပက သူတို့ဆရာကြီးများက ဒေါ်လာပေး၍ ကြိုးဆွဲနေကြသဖြင့် ဘုမသိ ဘမသိ လူညံ့၊ လူမိုက်၊ လူယုတ်မာများသည် မသေမချင်း ဆက်ကနေကြမည်ပင်၊ မှားတတ်သည်မှာ လူ့သဘာဝဖြစ်ပါ၏။ သည်းခံခွင့်လွှတ်ရ၏။

မှားမှန်းမသိသူက **လူညံ့**။

သိလျက်နှင့်ဆက်မှားနေသူကား **လူမိုက်**။

မှားဖို့ကိုပင် ဆက်လက်ကြိုးစားနေသေးသူမှာ **လူယုတ်မာ**။

မိမိတို့တိုင်းရင်းသား၊ ကိုယ့်အမျိုးသား၊ ကိုယ့်လူမျိုးချင်းမို့ မိသားစုအဖြစ် သဘောထားကြီးစွာ ခွင့်လွှတ်သည်းခံခြင်းတွင် အချိန်ကာလ အပိုင်းအခြားတစ်ခုတော့ ရှိလိမ့်မည်ထင်ရပေသည်။ အမှားသိမြင် အမှန်ပြင်။

**ဘေးရန်ကို ကျော်ဖြတ်**

ယနေ့ခေတ်လူငယ်များသည်ကား ကူးစက်မြန်ကပ်ရောဂါဘေးဆိုးကိုလည်း စည်းလုံးညီညာ ကျန်းမာရေးစည်းကမ်း လိုက်နာကြခြင်းဖြင့် ကျော်လွှန်နိုင်ခဲ့ကြပြီ။ အဖျက်သမားလူညံ့လူမိုက်များ၏ ဘေးရန်ကိုလည်း ကျော်ဖြတ်ခဲ့ကြပြီ။ နည်းပညာခေတ်၊ အာရှခေတ်သစ်မှာ နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုများနှင့်အညီ တစ်ယောက်တစ်လက် ပါဝင်ထူထောင် တည်ဆောက်နိုင်ရန် ပါဝင်လာကြမည်ဟု အပြည့်အဝ ယုံကြည်ပါသည်။ ။

# ဝေသာလီခေတ်ရှေးဟောင်းကြေးဆီမီးခွက်အား ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲ စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဇွန် ၂၁**

သမိုင်းသုတေသီ ကျောက်စာဝန် ဦးစံရွှေဘု ထိန်းသိမ်းထားခဲ့သော ဝေသာလီခေတ် ရှေးဟောင်း ကြေးဆီမီးခွက် **(အောက်ပုံ)** ကို လက်ခံ ထိန်းသိမ်းခဲ့သည့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုမြဖိ၊ တိုင်းရင်းသားလူမျိုးများ ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် ပြတိုက် ပညာရှင် ဦးတင်အောင်စိုး (ညွှန်ကြားရေးမှူး - ငြိမ်း) တို့က ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ရခိုင်ပြည်နယ်ဝန်ကြီး ချုပ် ဒေါက်တာ အောင်ကျော်မင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေး ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဝေသာလီခေတ် ရှေးဟောင်း ကြေးဆီမီးခွက်ကို ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင် ဒေါ်နုမြဖိ၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့်ပြတိုက်ပညာရှင်ဦးတင်အောင်စိုး တို့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရာ ရခိုင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက လက်ခံရယူ ပြီး **(ယာပုံ)** ရခိုင်ယဉ်ကျေးမှု အကအဖွဲ့က ဆီမီးခွက်အကဖြင့် ကပြဖျော်ဖြေကြသည်။





ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ် ဒေါက်တာ အောင်ကျော်မင်း က ကျေးဇူးတင်စကားပြောကြား သည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါ်နုမြဖိနှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့က ဂုဏ်ပြု ဝမ်းမြောက်စကား ပြောကြား သည်။ ဆက်လက်၍ ယဉ်ကျေးမှု ဝန်ကြီးဌာနညွှန်ကြားရေးမှူး (ငြိမ်း) ပြတိုက်ပညာရှင်ဦးတင်အောင်စိုး က အလှူရှင်မိသားစုကိုယ်စား လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် ယဉ်ကျေးမှုအကအဖွဲ့က သျှင်ဒိုင် အကဖြင့် လည်းကောင်း၊ မဟာနွယ်အကဖြင့် လည်းကောင်း ကပြဖျော်ဖြေကြသည်။

အဆိုပါ ဝေသာလီခေတ် ကြေးဆီမီးခွက်သည် အေဒီ ၃ ရာစုနှင့် ၈ ရာစုအကြား ဝေသာလီ ခေတ်တွင် ကြေးဝါဖြင့် သွန်းလောင်းခဲ့ပြီး အောက်ခံခုံ ခြေရင်းမှ အရုပ်ဦးစွန်းအထိ ကိုးလက်မ အမြင့်ရှိကာ အောက်ခံခုံပေါ်တွင် "အယနာ ကောင်းမှုတော်" ဟု ရက္ခဝဏ္ဏအက္ခရာဖြင့် ရေထိုးထား သည့် ရှေးဟောင်းသမိုင်းဝင် လက်ရာတစ်ခုဖြစ်ကြောင်း သိရ သည်။ **တင်ထွန်း(ပြန်/ဆက်)**

# ပျူခေတ်ကာလ သမိုင်းစဉ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၁**

မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ် တည်းသော မြန်မာ့သမိုင်းစဉ် ဆွေးနွေးပွဲနှင့် ပတ်သက်၍ မြို့ပြတည်ထောင်မှု စတင်ခဲ့သော ပျူခေတ်ကာလသမိုင်းစဉ်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့တွင် အမျိုးသားပြတိုက် (ရန်ကုန်)ဘက်စုံခန်းမ၌ ဆက်လက် ကျင်းပသည်။ **(အောက်ပုံ)**

ထိုဆွေးနွေးပွဲသို့ မြန်မာ့ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်၊ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဦးသန်းဆွေ၊ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာတိုးလှနှင့် မြန်မာ သမိုင်းအဖွဲ့ဝင် ပညာရှင်ကြီး များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနနှင့် သမိုင်းသုတေသနနှင့် အမျိုးသား စာကြည့်တိုက် ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ အကြံပေး ပညာရှင်များ၊ ပျူခေတ်သုတေသန တူးဖော်မှုလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခဲ့သော အရာရှိကြီး များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လေ့လာသူ ပြင်ပ ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြ သည်။

အစီအစဉ်အရ ရှေးဟောင်း သုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာန၊ ပုဂံဌာနခွဲ ညွှန်ကြားရေး မှူး ဦးကျော်မျိုးဝင်းက ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ပျူခေတ် စသည်ဖြင့် ခေတ် အဆက်ဆက် နေထိုင်အခြေချခဲ့ သည့် **"မိုင်းမော (ပင်လယ်) မြို့ဟောင်း"** နောက်ဆုံးတူးဖော် တွေ့ရှိချက်များကို လည်းကောင်း၊ ဗိဿနိုးဌာနစုမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဖြိုးပြည့်ကိုကို က **"ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်း၏ ရေအသုံးချမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ နှောင်းတွေ့ အထောက်အထားများ"** ကို လည်းကောင်း၊ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၊ ရှေးဟောင်းသုတေသန နည်းပညာ သင်တန်းကျောင်း (ပြည်) မှ ကျောင်းအုပ်ကြီး ဦးဝင်းကြိုင်က ဗုဒ္ဓဉာဏ်တော် (၁၄)ပါး၊ ပျူအက္ခရာ၊ ပျူခေတ် စာပေ၊ လက်ရေးအက္ခရာများ အကြောင်းနှင့် စပ်လျဉ်း၍ ခင်ဘကုန်းရှိ ဌာပနာတိုက် အတွင်း တူးဖော်တွေ့ရှိရမှု၊ အိန္ဒိယ နိုင်ငံ အက္ခရာအရေးအသားများ နှင့် နှိုင်းယှဉ်၍လည်းကောင်း၊ ပျူခေတ်အက္ခရာ အရေးအသား များမှ Ikshavakus အရေးအသား ကိုလည်းကောင်း၊ ပြည်ပ ပညာရှင် များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ သည့် ဒုတိယညွှန်ကြားရေးမှူး ချုပ် ဒေါက်တာသိန်းလွင်က ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ မြို့ဟောင်းများ တူးဖော်မှုမှ အသစ်တွေ့ရှိမှုများနှင့် သမိုင်း ကြောင်း ပြောင်းလဲစေသည့် တွေ့ရှိမှုများကို လည်းကောင်း၊ ပျူခေတ်ဆိုင်ရာ သုတေသနပြု တွေ့ရှိချက်များကို လည်းကောင်း တင်ပြဆွေးနွေးကြသည်။



ထို့နောက် ပျူခေတ်ကာလ သမိုင်းစဉ်(မူကြမ်း)ကို မြန်မာ သမိုင်းအဖွဲ့မှ သမိုင်းပညာရှင် ကြီးများနှင့် ဆက်လက်ဆွေးနွေး ၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ နောက်ဆုံးသုတေသနပြု တွေ့ရှိ ချက်များ၊ နိုင်ငံတကာပညာရှင် များနှင့်ပူးပေါင်း၍ ပျူယဉ်ကျေးမှု အထောက်အထား၊ သုတေသနပြု တွေ့ရှိချက်များနှင့် ခေတ်ခွဲခန်း များမှ ခေတ်ခွဲတွေ့ရှိချက်များ၊ သက်တမ်း တွက်ချက်မှုများကို ဖြည့်စွက်တင်ပြဆွေးနွေးကြသည်။

မြန်မာ့သမိုင်းစဉ်ဆိုင်ရာ ပျူ ခေတ်ကာလ သမိုင်းစဉ်ဆွေးနွေးပွဲ ကို ဇွန် ၂၂ ရက်တွင် တတိယနေ့ အဖြစ် ဆက်လက်ကျင်းပသွား မည်ဖြစ်ကြောင်း၊ မြန်မာ့သမိုင်းစဉ် ၏ ပျူခေတ်ဟု လူသိများသော ကာလသည် မြန်မာနိုင်ငံ၏ မြို့ပြ တည်ထောင်မှု စတင်ခဲ့သော ကာလဖြစ်ပြီး သမိုင်းတင်ခေတ်၏ ကျယ်ပြန့်သော လူမှုဘာသာရေး များ ထွန်းကားခဲ့သည့် ကာလဖြစ် ကြောင်း သိရသည်။

**သတင်းစဉ်**

# လွယ်ဂျယ်မြို့တွင် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ



**လွယ်ဂျယ် ဇွန် ၂၁**

ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့တွင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည် လှပစေရန်နှင့် သစ်တောပြုန်းတီးမှုကာကွယ်ရန်အတွက် မြို့အုပ်ချုပ် ရေးမှူး၏ဦးဆောင်မှုဖြင့် သစ်တောဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့ နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပ သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် နယ်မြေခံတပ်ရင်းမှူး၊ မြို့အုပ်ချုပ်ရေးမှူး ဦးယဉ်မင်းထွန်း၊ လွယ်ဂျယ်မြို့သစ်တောဦးစီးဌာန တောအုပ် ဦးကျော်ကျော်စိုးတို့က သစ်ပင်ပျိုးပင်များကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။ ယင်းသို့ စိုက်ပျိုးရာတွင် လွယ်ဂျယ်မြို့ရှိ တပ်ရင်းတပ်ဖွဲ့များ၊ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ ဝင်များ၊ ပညာရေးဝန်ထမ်းများ၊ သစ်တောဝန်ထမ်းများ၊ အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက ချယ်ရီပင် ၆၀ ၊ ထင်းရှူးပင် ၆၀ ၊ စိန်ပန်းပြာပင် ၆၀ စုစုပေါင်း အပင် ၁၈၀ ကို စိုက်ပျိုးကြကြောင်း သိရသည်။ **လွယ်ဂျယ်(ပြန်/ဆက်)**

# အာဆီယံ စီးပွားရေးအသိုက်အဝန်း (ASEAN Economic Community–AEC) ၂၀၂၅ အောက်ရှိ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် ဇွန် ၂၁**

အာဆီယံစီးပွားရေးအသိုက်အဝန်း(ASEAN Economic Community–AEC) ၂၀၂၅ အောက်ရှိ "စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍလုပ်ငန်းကော်မတီ"၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက အာဆီယံအသိုက်အဝန်း၏ မဏ္ဍိုင်ကြီး(၃)ခုအနက် အာဆီယံစီးပွားရေးအသိုက်အဝန်း လမ်းပြမြေပုံ (၂၀၂၅) တွင် ပါရှိသောလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီ ၂၂ ခုကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဖွဲ့စည်းထားရှိရာ "စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ လုပ်ငန်းကော်မတီ" ကလည်း တစ်ခုအပါအဝင် ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းကော်မတီအနေဖြင့် "အာဆီယံလူမှုအသိုက်အဝန်း အေးချမ်းသာယာဝပြောရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးတို့ကို အထောက်အကူဖြစ်စေမည့် တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံကာ ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး အားလုံးပါဝင်သော တုံ့ပြန်ခံနိုင်စွမ်းကောင်းမွန်၍ ရေရှည်တည်တံ့သော စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍတို့ကို ကမ္ဘာ့စီးပွားရေးနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး" မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့်သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှုအတွက် မျှော်မှန်းချက်ပြည့်မီစေရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ကော်မတီ၌ လုပ်ငန်းတာဝန် ၁၃ ခု ရှိပြီး ယင်းလုပ်ငန်းတာဝန်များ၏ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု တိုးတက်မှုအခြေအနေများကိုပြုစုပြီး ဆက်လက်တင်ပြနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်းအဝေးများ(SOM–AMAF)နှင့် ဝန်ကြီးများ အစည်းအဝေး (AMAF) များကို နှစ်စဉ် ကျင်းပလျက်ရှိပြီး အဆိုပါ အစည်းအဝေးများတွင် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များက တင်ပြလာသော နှစ်စဉ်ဆောင်ရွက်မည့် ကဏ္ဍအလိုက်ဦးစားပေးလုပ်ငန်းများကို အတည်ပြုပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံအသီးသီးမှ မိမိတို့နိုင်ငံအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍအတွက် အတည်ပြုပြီးသော ကဏ္ဍအလိုက်ဦးစားပေးလုပ်ငန်း ၁၁ ခုရှိပြီး ၂၀၂၂ ခုနှစ်တွင် ဆောင်ရွက်ဆဲကဏ္ဍအလိုက် ဦးစားပေးလုပ်ငန်း ၁၉ ခုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပမည့် (၄၄)ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးသို့တင်ပြအတည်ပြုချက်ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာ၌ တိရစ္ဆာန်အစာ စိုက်ပျိုးထုတ်လုပ်နည်း သင်တန်းဖွင့်



**လယ်ဝေး ဇွန် ၂၁**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် သော်မှော် ကုန်းကျေးရွာ ဘက်စုံသုံးခန်းမ၌ ယနေ့နံနက်က မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် တိရစ္ဆာန်အစာ စိုက်ပျိုးထုတ်လုပ်ခြင်း သင်တန်းဖွင့်ပွဲ ကျင်းပသည်။

**ပူးပေါင်းဆောင်ရွက်**

ရှေးဦးစွာ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက ကျေးလက်ဒေသများကို မြို့ပြများနှင့်ကွာဟမှုမရှိစေဘဲ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်အိမ်ထောင်စုချင်း၊ တစ်ရွာချင်းအလိုက် ဖွံ့ဖြိုးတိုးတက်စေရေး၊ တစ်ဦးချင်းဝင်ငွေ မြင့်မားလာစေရေးတို့အတွက် လူတိုင်းပါဝင်ဆောင်ရွက်နိုင်သည့် မွေးမြူရေး၊ စိုက်ပျိုးရေး လုပ်ငန်းများကို ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊ သော်မှော်ကုန်းကျေးရွာသည် ဘက်စုံစီမံကိန်းများ ရရှိထားသည့် ကျေးရွာဖြစ်၍ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီပေးမှုများနှင့် ဒေသခံပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျှင် ယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်သည့် ကျေးရွာအဖြစ် ရောက်ရှိလာမည်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆောင်နှင့် အဖွဲ့ဝင်များက ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရပ်ရွာလုံခြုံရေး ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် လယ်ဝေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာလှမျိုးသန့်က တိရစ္ဆာန်အစာ စိုက်ပျိုးထုတ်လုပ်နည်းသင်တန်း ဖွင့်လှစ်ရခြင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ဦးစီးဌာနအနေဖြင့် သော်မှော်ကုန်းကျေးရွာများ၌ ခေတ်မီစံပြကျေးရွာ စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီ အဖွဲ့ဝင်က ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆက်လက် ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများကို ဖြည့်စွက်ဆွေးနွေးသည်။

**ဝယ်ယူအားပေး**

ထို့နောက် နေပြည်တော် ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် တိရစ္ဆာန်အစာ စိုက်ပျိုးထုတ်လုပ်နည်း သင်တန်း၌ သင်တန်းသား သင်တန်းသူများ၏ နေပီယာမြက် လက်တွေ့စိုက်ပျိုးနေမှု၊ တိရစ္ဆာန်အစာ ချဉ်ဖတ်လက်တွေ့ ပြုလုပ်နေမှုများကို ကြည့်ရှုအားပေး၍ **(ဝဲပုံ)** အသေးစား စက်မှုလက်မှုဦးစီးဌာနက ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှု သင်တန်း တက်ရောက်ပြီးသည့် ကျေးရွာသူ ကျေးရွာသားများက ပြန်လည် ရောင်းချလျက်ရှိသည့် လူသုံးကုန်ပစ္စည်းများကို ဝယ်ယူအားပေးကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# သနပ်ပင်မြို့နယ်၌ မိုးစပါး မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးခြင်းလက်တွေ့ သရုပ်ပြ

**သနပ်ပင် ဇွန် ၂၁**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ မိုးစပါး မျိုးစေ့ချကိရိယာ(Seeder) ဖြင့် တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးခြင်း လက်တွေ့သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ဖရဲကျေးရွာ ကွင်းအမှတ် (၈၅၅ က) ဦးပိုင်အမှတ်(၁၆/၈) တောင်သူ ဦးဇင်မင်းဦး လယ်ယာမြေ၌ ကျင်းပသည်။

အဆိုပါမျိုးစေ့ချပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းထက်၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ကြူကြူမြင့်တို့က မျိုးစေ့ချပွဲသို့ တက်ရောက်လာသော တောင်သူများနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ဆွေးနွေးကြရာ အရည်အသွေးကောင်း မျိုးစေ့များကို ရွေးချယ်စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးပွားလာမည်ဖြစ်ပြီး စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများနှင့် ပတ်သက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ပါက မျိုးကောင်း၊ မျိုးသန့် အထွက်တိုးစပါးများ ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြူကြူမြင့်က တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနည်းများဖြစ်သည့် အခြောက်သမန်း၌ကြဲခြင်း၊ အစိုသမန်း၌ကြဲခြင်းနှင့် မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်းတို့၏ အားသာချက်၊ အားနည်းချက်တို့ကို တောင်သူများ၏ လက်တွေ့လုပ်ငန်းခွင်တွင်သရုပ်ပြ၍ ရှင်းလင်းဆွေးနွေးပြီး အစိုသမန်းပြင်၌ မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနည်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး အဓိကဆွေးနွေးကာ



စိုက်ပျိုးရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

# အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်နှင့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်တို့အကြား တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၁**

အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (ASEAN Intergovernmental Commission on Human Rights– AICHR) နှင့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) တို့အကြား တွေ့ဆုံဆွေးနွေးပွဲကို ယနေ့တွင် Virtual Platform စနစ်ဖြင့် ကျင်းပသည်။(ယာပုံ)



အခမ်းအနားသို့ ဖိုရမ်အဖွဲ့ဝင် ခြောက်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ AICHR ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဥက္ကဋ္ဌ ဦးလှမြင့်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးပေါ်လွင်စိန်နှင့် ဒေါက်တာတင်မောင်မောင်သန်းတို့ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲ၌ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ H.E. Keo Remy က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ဖိုရမ်ဥက္ကဋ္ဌဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေးကော်မရှင် (CHRP) က ၂၀၂၂ ခုနှစ် SEANF ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးနောက်ပိုင်း ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ပေါ်မှုများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (AICHR) ဥက္ကဋ္ဌက ၂၀၂၂–၂၀၂၃ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် AICHR ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဦးစားပေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။ ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌက AICHR–SEANF တို့အကြား ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ရေး ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အကြံပြုဆွေးနွေးသည်။

ထို့နောက် အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (AICHR) ဥက္ကဋ္ဌနှင့် SEANF ဥက္ကဋ္ဌတို့က နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၂၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်တွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့က လက်လုပ်မိုင်း ၅လုံး မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ခရီးသည်တင်ယာဉ် မိုင်းစထိမှန် ပျက်စီးခဲ့သည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဇွန် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ မူလတန်းကလေးငယ်များအား စာသင်ကြားပေးနေစဉ် PDF အမည်ခံအကြမ်းဖက်သမားများ၏ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် မူလတန်းပြကျောင်းဆရာ တစ်ဦး သေဆုံးခဲ့သည့်ဖြစ်စဉ်”** နှင့်ပတ်သက်သည့် ခေါင်းစဉ်ဖြင့်ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့်ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့်အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉–၈၉၉၀၉၅၇၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

# တောင်ကုတ်မြို့နယ်၌ စီမံကိန်းချေးငွေ ပြန်လည်ထုတ်ချေး

**တောင်ကုတ် ဇွန် ၂၁**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်စီမံကိန်းချေးငွေများ ပြန်လည်ထုတ်ချေးပေးလျက်ရှိရာ ဇွန် ၁၄ ရက်က နပင်းချိုင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၆၈ ဦးအတွက် ချေးငွေအတိုးအရင်းပေါင်း ငွေကျပ်သိန်း ၃၈၀ ကို ထုတ်ချေးပေးသည်။

နပင်းချိုင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးရည်ရွယ်ကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်းများ ပိုမိုအောင်မြင်တိုးပွားနိုင်ရေး အထူးအလေးထားဆောင်ရွက်ကြရန် မြို့နယ်ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်တင်တင်ကြည်က ရှင်းလင်းပြောကြားကြောင်း သိရသည်။

**အောင်လှဖြူ (ရမ်းဗြဲ)**

# လပွတ္တာမြို့နယ်၌ ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြော အသိပညာပေးလက်ကမ်း စာစောင်များ အခမဲ့ဖြန့်ဝေ

**နေပြည်တော် ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်နှင့် လပွတ္တာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနတို့က သဘာဝရေသယံဇာတ အရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ရန် ငါးသယံဇာတ ထိန်းသိမ်းရေး၊ ငါးမျိုး မပြုန်းတီးစေရေးနှင့် စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးရည်ရွယ်၍ ငါးသယံဇာတ ထိန်းသိမ်းရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေများ ပညာပေးဟောပြောခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် မြေစိုက်ပိုစတာ စိုက်ထူခြင်းလုပ်ငန်းများကို ဇွန် ၁၉ ရက်က လပွတ္တာမြို့နယ် သနပ်ဖက်ကျေးရွာအုပ်စုတွင် ပြုလုပ်သည်။



အဆိုပါ ငါးသယံဇာတ ထိန်းသိမ်းရေး လုပ်ငန်းများကို လပွတ္တာခရိုင်ဦးစီးမှူး ဒေါ်ဝါဝါသိန်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးထွန်းဝင်းအောင်နှင့် ဝန်ထမ်းများက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံရေလုပ်သား ၇၆ ဦးဖြင့် ဆောင်ရွက်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးပြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် (MCEF) တို့ ပူးပေါင်း၍ “အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲမှုနေ့” အထိမ်းအမှတ်အဖြစ် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်သူ့အငှားအိမ်ရာစီမံကိန်းဝင်းအတွင်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၁ ရက်က ကျင်းပသည်။(အပေါ်ပုံ)

စိုက်ပျိုးပွဲတွင် သဃ်္ဃန်းကျွန်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးတင်ကျော်နှင့် သစ်တောဝန်ထမ်းများအဖွဲ့၊ မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးလှကိုဦးနှင့် ဝန်ထမ်းများအဖွဲ့၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် (MCEF)ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် အဖွဲ့စုစုပေါင်းအင်အား ၅၀ တို့က မြို့ပြစိမ်းလန်းစိုပြည်သာယာလှပစေရေးနှင့် ရာသီဥတုပြောင်းလဲမှု လျော့ကျစေရေးတို့အတွက် ရည်ရွယ်၍ ခရေ၊ ပျဉ်းမ၊ တရုတ်တယ်၊ မယ်ဇယ် စသော အရိပ်ရနှင့် ပန်းအလှပင် ၅၀၀ စုပေါင်းစိုက်ပျိုးကြသည်။

**မြန်မာ့အလင်း**

◆ *ကျောဖုံးမှ*

ဇွန် ၂၁ ရက်တွင် မြန်မာ ယူ–၁၈ အမျိုးသမီး (က) အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရာ ဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇွန် ၂၃၊ ၂၅ ရက်တွင် ခြေစမ်းပွဲနှစ်ပွဲ ထပ်မံကစားမည်ဖြစ်ပြီး နောက်ဆုံးပွဲကို လူငယ်အမျိုးသားအသင်းနှင့် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသည်။

**တစ်အုပ်စုတည်း ကျရောက်**

၂၀၂၂ အာဆီယံ အမျိုးသမီးပြိုင်ပွဲကို ဇူလိုင် ၄ ရက်မှ ၁၇ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (ခ) တွင် ဗီယက်နမ်၊ တီမော၊ လာအို၊ ကမ္ဘောဒီးယားတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

**ရဲရင့်လွင်**

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်ခရီး

ဇင်ငြိမ်း

❍ **ကုလသမဂ္ဂ၏ခန့်မှန်းချက်အရ လာမည့် ၂၀၃၀ တွင် ကမ္ဘာ့အဆင်းရဲဆုံးလူများ၏ တစ်ဝက်ကျော်သည် ပဋိပက္ခဖြစ်ပွားရာဒေသများတွင် နေထိုင်နေသူများဖြစ်မည်ဟု ခန့်မှန်းထားသည်ကို တွေ့ရပါသည်။ ယင်းမှာ ပဋိပက္ခဖြစ်ပွားမှုနှင့် ဆင်းရဲမွဲတေမှုမှာ တိုက်ရိုက်အချိုးကျနေသည့် သဘောဟု ဆိုရပါမည်။ သို့ဖြစ်ရာ နိုင်ငံ၏ ပဋိပက္ခများကို မလျှော့ချနိုင်သမျှ စီးပွားရေး တိုးတက်မှုအပါအဝင် တစ်ဦးချင်းစီ၏ လူမှုဘဝများအပေါ် ဆက်လက်ထိခိုက်နေဦးမည်ဟု ခန့်မှန်းနိုင်ပါသည်။ သို့ဖြစ်ရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူထု၏ နေ့စဉ်လူမှု စီးပွားဘဝများသာမက ပညာရေး၊ ကျန်းမာရေးများ တိုးတက်စေရန် တည်ရှိဆဲပဋိပက္ခများ လျှော့ချရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးမှာ မရှိမဖြစ်လိုအပ်လာ**

ယနေ့မြန်မာနိုင်ငံ၏ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အနာဂတ်ခရီးအတွက် အခြေခံလိုအပ်ချက်တစ်ခုပြပါဆိုလျှင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ညွှန်ပြရမည် ဖြစ်ပါသည်။

ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးသည် နိုင်ငံတည်ဆောက်ရေးနှင့် ရင်ပေါင်တန်း ယှဉ်တွဲလျက်ရှိရာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးရှိမှသာ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြားကဏ္ဍများကို ထိရောက်စွာ ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။ သို့သော်လည်း မြန်မာ့သမိုင်းတစ်လျှောက် ရေရှည်ငြိမ်းချမ်းရေး တည်ဆောက်မှုထက် ပဋိပက္ခများဖြင့်သာ လွှမ်းမိုးနေခဲ့သဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုမှာ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နိမ့်ကျခဲ့သည်ကို တွေ့ရပါသည်။

သို့ဖြစ်ရာ လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာ့နိုင်ငံရေးသမိုင်းတစ်လျှောက် အလိုအပ်ဆုံး လုပ်ငန်းစဉ်များအနက် ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် တည်ငြိမ်ရေးမှာ ဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အဖြစ် တွေ့ရမည်ဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံရေးပဋိပက္ခများဖြင့် သံသရာကျော့နေသည့် နိုင်ငံတစ်နိုင်ငံအတွက် ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုမှာ မရှိမဖြစ်လိုအပ်ချက်တစ်ခု ဖြစ်လာပါသည်။

မိမိတို့နိုင်ငံအနေဖြင့် နယ်ချဲ့အုပ်ချုပ်မှုမှလွတ်မြောက်၍ ကိုယ့်မင်းကိုယ်ချင်း အုပ်ချုပ်လာခဲ့သည့် နှစ်ပေါင်း ၇၀ ကျော်အတွင်း ပြည်တွင်းပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းခြင်းထက် လက်နက်ကိုင်ဖြေရှင်းမှုများကြောင့် နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးမှာ အခက်အခဲများနှင့် ရင်ဆိုင်နေကြရပါသည်။ နိုင်ငံရေးပဋိပက္ခ ဖြစ်ပွားမှုနှင့် အတူ ပေါ်ပေါက်လာသည့် မငြိမ်းချမ်းမှု၊ မတည်ငြိမ်မှုများသည် နိုင်ငံ၏ အရေးပါသည့် အခြားကဏ္ဍများအပေါ်တွင်လည်း ထိခိုက်လျက်ရှိနေပါသည်။ အထူးသဖြင့် နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့တွင် ယနေ့ထက်တိုင် ရုန်းကန်နေကြရဆဲဖြစ်သည်။ ထိုသို့သော အခြေအနေတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုမှာ နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံးအတွက် မရှိမဖြစ်လိုအပ်သည်ကို နားလည်လက်ခံကြသော်လည်း လက်တွေ့အကောင်အထည်ဖော်ရာတွင် အခက်အခဲ၊ အကျပ်အတည်းများ ရှိနေသည်ကို တွေ့ရပါသည်။

**ပဋိပက္ခနှင့် ဖွံ့ဖြိုးတိုးတက်မှု**

ပဋိပက္ခနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် ဆန့်ကျင်ဘက် အချိုးကျပါသည်။ ပဋိပက္ခများ တိုးမြင့်လာသည်နှင့် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျလာမည်ဟု ဆိုခြင်းဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံအတွင်း ဖြစ်ပွားနေသည့် ပဋိပက္ခဆိုင်ရာအကြမ်းဖက်မှုများဆိုသည်က တစ်ဦးတစ်ယောက်တည်းသို့မဟုတ် သက်ဆိုင်သူများကိုသာ ကွက်၍ ထိခိုက်သည် မဟုတ်ပါ။ သက်ဆိုင်ရာ လူမှုအသိုက်အဝန်းအတွင်းရှိ လူတိုင်းအပေါ်ဆိုးကျိုးများ သက်ရောက်စေတတ်ပါသည်။

ယနေ့မိမိတို့နိုင်ငံတွင် ဖြစ်ပွားနေသည့် ပဋိပက္ခဆိုင်ရာ အကြမ်းဖက်မှုများကြောင့် လူ့အဖွဲ့အစည်း၏ တိုးတက်မှုများကို အဟန့်အတားဖြစ်စေလျက်ရှိသည်ကို မျက်မြင်တွေ့နိုင်ပါသည်။ မငြိမ်းချမ်းမှု၏ဘေးထွက်ဆိုးကျိုးများကို လက်တွေ့ ရင်ဆိုင်နေကြရပါသည်။ ကလေးငယ်များ၏ ပညာသင်ယူခွင့် အခွင့်အလမ်း၊ ကျန်းမာရေးဆိုင်ရာ အခွင့်အရေး၊ ဆင်းရဲမွဲတေမှု၊ အလုပ်လက်မဲ့ စသည့်အမျိုးမျိုးသော ဆိုးကျိုးများကို တွေ့ကြုံခံစားနေကြရပြီး ယင်းဆိုးကျိုးများကြောင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများကို ကျဆင်းစေလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ တိုးတက်မှုနှုန်းနှင့်ပတ်သက်၍ အေဒီဘီမှ ၂၀၂၂ ခုနှစ် ဧပြီလတွင် ထုတ်ပြန်သော ASIAN DEVELOPMENT OUTLOOK 2022 အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ GDP တိုးတက်မှုနှုန်းမှာ ၂၀၂၁ ခုနှစ်က (-၁၈ ဒသမ ၄) ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် (-၀ ဒသမ ၃) ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ၂၀၂၃ ခုနှစ်တွင် ၂ ဒသမ ၆ ရှိမည်ဟု ခန့်မှန်းထားသည်ကို တွေ့ရပါသည်။ ငွေကြေးဖောင်းပွမှုနှုန်း အနေဖြင့် ၂၀၂၁ ခုနှစ်က ၃ ဒသမ ၆ ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၈ ဒသမ ၀ အထိ တိုးမြင့်လာသည်ကို တွေ့ရပါသည်။

၂၀၂၃ ခုနှစ်အတွက် ငွေကြေးဖောင်းပွမှု ခန့်မှန်းချက်မှာ ၈ ဒသမ ၅ ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ယင်းအစီရင်ခံစာအရ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ တိုးတက်မှုနှုန်း ကျဆင်းနေသည့်အပြင် ငွေကြေးဖောင်းပွမှုနှုန်းမှာလည်း မြင့်မားနေသည်ကို တွေ့ရပါသည်။ ၂၀၂၃ ခုနှစ်တွင် GDP တိုးတက်မှု မြင့်တက်လာသကဲ့သို့ ငွေကြေးဖောင်းပွမှုမှာလည်း ၂၀၂၂ ခုနှစ်ကထက် ပိုမိုမြင့်တက်လာမည်ဟု ခန့်မှန်းထားသည်ကို တွေ့ရပါသည်။ သို့ဖြစ်ရာ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်ကာလမှာ စီးပွားရေးဆိုင်ရာ ရုန်းကန်ကြရမည့်အခြေအနေဟု ခန့်မှန်းနိုင်ပါသည်။

**ပဋိပက္ခနှင့် ဆင်းရဲမွဲတေမှု**

ဆင်းရဲမှုနှုန်းအနေဖြင့် UNDP ၏ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ နှင့် နိုင်ငံရေးဆိုင်ရာ ပဋိပက္ခများကြောင့် မြန်မာနိုင်ငံရှိ မြို့ပြဆင်းရဲမွဲတေမှုမှာ သုံးဆမြင့်တက်လာနိုင်ကြောင်း ဆိုထားပါသည်။ ယင်းစစ်တမ်းကောက်ယူမှုများမှာ ၂၀၂၁ ခုနှစ် မေလနှင့် ဇွန်လအတွင်း ကောက်ယူမှုများဖြစ်ပြီး ယင်းစစ်တမ်း ကောက်ယူချိန်က ရုရှား- ယူကရိန်း ပဋိပက္ခမဖြစ်ပွားမီ အခြေအနေဖြစ်သည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်နေ့ ရုရှား-ယူကရိန်း တိုက်ခိုက်မှု နောက်ပိုင်းတွင် ယင်းစစ်ပွဲ၏ဂယက်ကြောင့် ကမ္ဘာ့စီးပွားရေးအပေါ် ထိခိုက်မှုများရှိလာပြီး အထူးသဖြင့် သွင်းကုန်အပေါ် မှီခိုနေရသော နိုင်ငံများ၊ ဆင်းရဲသည့်နိုင်ငံများအပေါ် ထိခိုက်မှုပိုမို သက်ရောက်နိုင်ကြောင်း ခန့်မှန်းထားပါသည်။ ရုရှား-ယူကရိန်းစစ်ပွဲကြောင့် စားသောက်ကုန်ဈေးနှုန်းများ ၂၀ ရာခိုင်နှုန်းအထိ တက်လာနိုင်ကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားပါသည်။ ယင်းအခြေအနေများသည် မြန်မာနိုင်ငံအတွက် တစ်ပူပေါ် နှစ်ပူဆင့်စေသည့် ပတ်ဝန်းကျင်ဖိအားများဖြစ်ပါသည်။

ထို့အပြင် ကုလသမဂ္ဂ၏ခန့်မှန်းချက်အရ လာမည့် ၂၀၃၀ တွင် ကမ္ဘာ့အဆင်းရဲဆုံးလူများ၏ တစ်ဝက်ကျော်သည် ပဋိပက္ခဖြစ်ပွားရာဒေသများတွင် နေထိုင်နေသူများဖြစ်မည်ဟု ခန့်မှန်းထားသည်ကိုတွေ့ရပါသည်။ ယင်းမှာ ပဋိပက္ခဖြစ်ပွားမှုနှင့် ဆင်းရဲမွဲတေမှုမှာ တိုက်ရိုက်အချိုးကျနေသည့် သဘောဟု ဆိုရပါမည်။ သို့ဖြစ်ရာ နိုင်ငံ၏ ပဋိပက္ခများကို မလျှော့ချနိုင်သမျှ စီးပွားရေးတိုးတက်မှုအပါအဝင် တစ်ဦးချင်းစီ၏ လူမှုဘဝများအပေါ် ဆက်လက်ထိခိုက်နေဦးမည်ဟု ခန့်မှန်းနိုင်ပါသည်။ သို့ဖြစ်ရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူထု၏ နေ့စဉ်လူမှုစီးပွားဘဝများ သာမက ပညာရေး၊ ကျန်းမာရေးများ တိုးတက်စေရန် တည်ရှိဆဲပဋိပက္ခများ လျှော့ချရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးမှာ မရှိမဖြစ်လိုအပ်လာပါသည်။

**ငြိမ်းချမ်းရေးတည်ဆောက်မှု**

ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုသည်မှာ ပဋိပက္ခဖြစ်ပွားရသည့် အရင်းခံအကြောင်းတရားများကို ကိုင်တွယ်ဖြေရှင်းခြင်း၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား မတူညီမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရေးကို ပံ့ပိုးကူညီခြင်းနှင့် နောင်ဖြစ်လာနိုင်သည့် ပဋိပက္ခနှင့် အကြမ်းဖက်မှုများကို ကာကွယ်တားဆီးရန် လုပ်ဆောင်ခြင်းဟု ဆိုပါသည်။ ငြိမ်းချမ်းရေး လုပ်ဆောင်ခြင်းသည် လတ်တလောပဋိပက္ခများ ပြေလည်ရေးအတွက်သာမက ပြဿနာ၏ အရင်းခံအကြောင်းတရားများကို ညှိနှိုင်းဖြေရှင်းခြင်းလည်း ဖြစ်ပါသည်။ ထိုသို့ဖြေရှင်းရာတွင်လည်း ငြိမ်းချမ်းစွာဖြင့် ညှိနှိုင်းဖြေရှင်းသည့် နည်းလမ်းကို ကျင့်သုံးခြင်းဖြစ်ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံရှေ့ဆက်ရမည့် အနာဂတ်ခရီးအတွက် အဓိကလိုအပ်နေသည်မှာ ငြိမ်းချမ်းစွာဖြင့် ညှိနှိုင်းဖြေရှင်းသည့် နည်းလမ်းဖြစ်ပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များသည် ခက်ခဲရှုပ်ထွေးသော လုပ်ငန်းစဉ်များဖြစ်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ ကာလရှည်ကြာ ပဋိပက္ခဖြစ်ပွားနေသည့် နိုင်ငံအတွက် ပိုမိုခက်ခဲနိုင်ပါသည်။ သို့သော် ငြိမ်းချမ်းရေးသည် အားလုံးအတွက် ဘုံအကျိုးစီးပွားဖြစ်သည်ကို သတိပြုကြရပါမည်။ နိုင်ငံ၏ အနာဂတ်အရေးနှင့် ဘုံအကျိုးစီးပွားဖြစ်သဖြင့် အားလုံးပါဝင် ပူးပေါင်းလုပ်ဆောင်ကြမည်ဆိုပါက ကြုံတွေ့လာမည့် အခက်အခဲများကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါသည်။

❑ **မြန်မာနိုင်ငံရှေ့ဆက်ရမည့် အနာဂတ်ခရီးအတွက် အဓိကလိုအပ်နေသည်မှာ ငြိမ်းချမ်းစွာဖြင့် ညှိနှိုင်းဖြေရှင်းသည့် နည်းလမ်းဖြစ်ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် ခက်ခဲရှုပ်ထွေးသော လုပ်ငန်းစဉ်များဖြစ်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ ကာလရှည်ကြာ ပဋိပက္ခဖြစ်ပွားနေသည့် နိုင်ငံအတွက် ပိုမိုခက်ခဲနိုင်ပါသည်။ သို့သော် ငြိမ်းချမ်းရေးသည် အားလုံးအတွက် ဘုံအကျိုးစီးပွားဖြစ်သည်ကို သတိပြုကြရပါမည်။ နိုင်ငံ၏ အနာဂတ်အရေးနှင့် ဘုံအကျိုးစီးပွားဖြစ်သဖြင့် အားလုံးပါဝင် ပူးပေါင်းလုပ်ဆောင်ကြမည်ဆိုပါက ကြုံတွေ့လာမည့် အခက်အခဲများကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါသည်**

မြန်မာနိုင်ငံ သမိုင်းတစ်လျှောက် ပြည်တွင်းရေး ပဋိပက္ခဖြေရှင်းကြရာတွင် ငြိမ်းချမ်းစွာ ဖြေရှင်းသည့်နည်းလမ်းထက် ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းမှု၊ လက်နက်ကိုင် ဖြေရှင်းမှုများကဲ့သို့သော နည်းလမ်းများကိုသာ ပိုမိုအားသန်အသုံးပြုခဲ့ကြပါသည်။ ပဋိပက္ခများကို စေ့စပ်ညှိနှိုင်းခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်း၊ မတူကွဲပြားမှုများကို အပြန်အလှန် နားလည် လက်ခံခြင်းကဲ့သို့သော ငြိမ်းချမ်းစွာ ဖြေရှင်းသည့် နည်းလမ်းများ၊ အယူအဆများနှင့် လုပ်ငန်းစဉ်များအပေါ် အခြေပြုမှု အားနည်းသည်ကို တွေ့ရပါသည်။ ယင်းမှာ အစဉ်အဆက် အမြစ်စွဲနေသည့် နိုင်ငံရေးဓလေ့များ၊ အစဉ်အလာများနှင့် ယဉ်ကျေးမှုများ၏ တစ်စိတ်တစ်ပိုင်း လွှမ်းမိုးမှုဟုလည်း ဆိုနိုင်ပါသည်။

မြန်မာနိုင်ငံ၏ ပဋိပက္ခများကို လက်နက်ကိုင်တိုက်ခိုက်သည့် နည်းလမ်းများဖြင့် အစဉ်အဆက်ဖြေရှင်းခဲ့ကြသော်လည်း ယနေ့ထက်တိုင် မပြေလည်နိုင်သေးသည်ကို ကြည့်ခြင်းအားဖြင့် ပဋိပက္ခဖြေရှင်းသည့် နည်းလမ်းများအပေါ် ပြန်လည်သုံးသပ်ကြရမည် ဖြစ်ပါသည်။ အထူးသဖြင့် လက်နက်ကိုင်တိုက်ခိုက်သည့်သံသရာမှ ရုန်းထွက်၍ ငြိမ်းချမ်းစွာဖြေရှင်းသည့် ယဉ်ကျေးမှုသို့

စာမျက်နှာ ၁၁ သို့

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၇၅ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၅ | ၂၃၂၀ | ၂၃၄၅ | ၂၃၃၀ | ၂၃၁၀ | ၂၄၀၀ | ၂၄၁၅ | ၂၃၁၅ | ၂၃၂၀ | ၂၃၅၅ | ၂၃၆၀ | ၂၃၆၀ | ၂၅၈၀ | ၂၇၇၅ |
| 95 Ron | ၂၃၇၅ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၃၀ | ၂၄၁၀ | ၂၅၀၀ | ၂၅၁၅ | ၂၄၁၅ | ၂၄၃၀ | ၂၄၆၀ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၂၈၂၅ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၃၅ | ၂၇၃၀ | ၂၇၀၀ | ၂၇၃၅ | ၂၇၆၀ | ၂၇၅၅ | ၂၇၂၀ | ၂၈၃၅ | ၂၈၃၀ | ၂၇၃၀ | ၂၇၃၅ | ၂၇၇၀ | ၂၇၇၀ | ၂၇၇၅ | ၂၉၉၅ | ၂၉၆၅ |
| HSD (50 ppm) | ၂၇၂၀ | ၂၇၆၅ | ၂၇၆၀ | ၂၇၂၅ | ၂၇၆၅ | ၂၇၈၅ | ၂၇၈၀ | ၂၇၅၀ | ၂၈၆၅ | ၂၈၆၀ | ၂၇၅၅ | ၂၇၆၅ | ၂၈၀၀ | ၂၈၀၀ | ၂၈၀၅ | ၃၀၂၀ | ၂၉၉၅ |
| HSD (10 ppm) | ၂၇၂၀ | ၂၇၆၅ | ၂၇၆၀ | ၂၇၂၅ | ၂၇၆၅ | ၂၇၈၅ | ၂၇၈၀ | ၂၇၅၀ | ၂၈၆၅ | ၂၈၆၀ | ၂၇၅၅ | ၂၇၆၅ | ၂၈၀၀ | ၂၈၀၀ | ၂၈၀၅ | ၃၀၂၀ | ၂၉၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၇၀ | ၂၂၄၇ |
| 95 Ron | ၂၂၆၇ | ၂၃၄၆ |
| HSD (500 ppm) | ၂၅၇၂ | ၂၆၅၂ |
| HSD (50 ppm) | ၂၅၉၉ | ၂၆၈၁ |
| HSD (10 ppm) | ၂၅၉၉ | ၂၆၈၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ရေဝတီမြစ်ရေဝင်ရောက်မှုကြောင့် ဘေးလွတ်ရာပြောင်းရွှေ့နေထိုင်သည့် ပြည်သူများအား ထောက်ပံ့

**ဗန်းမော် ဇွန် ၂၁**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် မြေနိမ့်ပိုင်းရှိ ရပ်ကွက်များ မြစ်ရေဝင်ပြီး နေအိမ်များရေကြီးနစ်မြုပ်၍ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေထိုင်ကြသည့် ရေဘေးသင့်ပြည်သူများအတွက် အခြေခံစားသောက်ကုန်များနှင့် ထောက်ပံ့ငွေများကို ဇွန် ၂၀ ရက်က ပေးအပ်သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် ဇွန် ၂၀ ရက် နံနက်ပိုင်းက နယ်မြေခံတပ်မှ ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက ရေဘေးကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေထိုင်ကြသည့် ဗန်းမော်မြို့ ခွန်သာရပ်ကွက်နှင့် သီရိရပ်ကွက်တို့မှ အိမ်ထောင်စုဝင် ၁၉၁ စုအတွက် ဆန် ၂၄ ပြည်ပါ ၁၆ အိတ်၊ ဆီ ၅၀ သားပါ တစ်လီတာဘူး ၂၀၊ ခေါက်ဆွဲခြောက်ငါးဖာနှင့် အခြေခံစားသောက်ကုန်များကိုလည်းကောင်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနက ရေဘေးသင့်ပြည်သူတစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် ရေဘေးသင့်ပြည်သူ ၁၀၂၂ ဦးအတွက် စုစုပေါင်းထောက်ပံ့ငွေကျပ် ၂၁၄၆၂၀၀ ကို လည်းကောင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းက မိသားစုသုံးပစ္စည်း ၁၆ မျိုးပါ ၁၉၁ ထုပ်ကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

အလားတူ ညနေပိုင်းတွင် ဗန်းမော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် အဖွဲ့ဝင်များ၊ ဗန်းမော်တပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက ဗန်းမော်မြို့ ဆင်ကုန်းရပ်ကွက်၊ ခွန်သာရပ်ကွက်၊ မင်းကျောင်းကုန်းရပ်ကွက်၊ ပေါက်ကုန်းရပ်ကွက်၊ ညောင်ပင်ရပ်ကွက်၊ သီရိရပ်ကွက်နှင့် အလယ်ရပ်ကွက်တို့၌ ပြောင်းရွှေ့ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းကိုးခုရှိ အိမ်ထောင်စုဝင် ၃၁၀တို့အား တွေ့ဆုံ



အားပေးစကားပြောကြားပြီး ဆန်အိတ် ၄၅ အိတ်နှင့် ခေါက်ဆွဲခြောက် ၄၂ ဖာကို ထောက်ပံ့ပေးအပ်ကြသည်။

ဗန်းမော်မြို့တွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေအမှတ်မှာ ၁၁၅၀ စင်တီမီတာဖြစ်ပြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဇွန် ၂၁ ရက် နံနက် ၇ နာရီခွဲ တိုင်းတာချက်အရ ၁၁၁၂ စင်တီမီတာသို့ ရောက်ရှိနေကြောင်း သိရသည်။ **ကိန်းဖြူ(မြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ကူးပြောင်းရန် စဉ်းစားချိန် တန်ပါပြီ။ ထို့အပြင် လက်နက်ကိုင်တိုက်ခိုက်ဖြေရှင်းခြင်းသည် ရှိရင်းစွဲပဋိပက္ခများကို မပြေလည်စေသည့်အပြင် ယင်း၏ အကျိုးဆက်ကြောင့် စီးပွားရေးအပေါ် ထိခိုက်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများကျဆင်းခြင်း၊ လူငယ်များအတွက် အနာဂတ် ရည်မှန်းချက်များ ပျောက်ဆုံးခြင်းကဲ့သို့သော ဘေးထွက်ဆိုးကျိုးများ ဆင့်ကာဆင့်ကာ ဖြစ်ပေါ်လျက်ရှိပါသည်။

လူမှုအသိုက်အဝန်း အတွင်းတွင် ပဋိပက္ခများ၊ မတူကွဲပြားမှုများ ရှိနေခြင်းမှာ သဘာဝဖြစ်ပါသည်။ လူ့သဘောအရ ဖြစ်တတ်သည့် ယင်းပဋိပက္ခများနှင့် မတူကွဲပြားမှုများကို မည်သို့နားလည်လက်ခံ၍ ငြိမ်းချမ်းစွာ မည်သို့ဖြေရှင်းမည်ဆိုသည်က လူမှုအသိုက်အဝန်း တစ်ခုလုံး၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပို၍အရေးကြီးသော စိတ်သဘောထားနှင့် ခံယူချက်ဖြစ်ပါသည်။

**အဖြစ်နိုင်ဆုံးမှစတင်**

ငြိမ်းချမ်းမှု တည်ဆောက်ရေးမှာ တစ်ဦးတစ်ယောက်၊ တစ်ဖက်တည်း တည်ဆောက်ရသော လုပ်ငန်းစဉ်မဟုတ်ပါ။ နိုင်ငံအတွင်း သက်ဆိုင်သူအားလုံး ပါဝင်၍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လက်တွေ့ကျသော ငြိမ်းချမ်းရေး ရလဒ်ဆီသို့ ဦးတည်သော လုပ်ငန်းစဉ် ဖြစ်ပါသည်။ ထို့အတူ ညှိနှိုင်းဆွေးနွေးခြင်း၊ ပေါင်းစပ်အဖြေရှာခြင်းကဲ့သို့သော ငြိမ်းချမ်းရေး အကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းစဉ်များဖြင့်သာ ငြိမ်းချမ်းရေးခြေလှမ်းတို့ ရှေ့ဆက်နိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းသည် နိုင်ငံ၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ချခြင်း ဖြစ်ပါသည်။

သတိပြုဖွယ်မှာ ငြိမ်းချမ်းရေးသည် တစ်ဦးတစ်ယောက် သို့မဟုတ် တစ်ဖွဲ့တည်း၏ စံပြုအဖြေကို ရှာဖွေဖော်ထုတ်ခြင်းမဟုတ်ဘဲ အားလုံးလက်ခံသော ဘုံအကျိုးစီးပွား သူနိုင်ကိုယ်နိုင် အဖြေကို ငြိမ်းချမ်းစွာ ရှာဖွေဖော်ထုတ်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်ရာ ငြိမ်းချမ်းရေးအတွက် ကိုယ်စီ ကိုယ်စီက စံပြုသတ်မှတ် အခြေအနေမှ စတင်ခြင်းထက် အဖြစ်နိုင်ဆုံး နေရာမှ စတင်ခြင်းဖြင့် ငြိမ်းချမ်းရေး လမ်းစများ ပွင့်လာနိုင်ပါသည်။ ထို့အတူ အခြေအနေအခွင့်အခါကောင်းကို စောင့်နေခြင်းထက် အခြေအနေ အခွင့်အခါကောင်းများကို ကိုယ်တိုင်က ဖန်တီးခြင်းက လက်တွေ့အကျိုးရှိမည် ဖြစ်ပါသည်။

**အနာဂတ်ခရီး**

နိုင်ငံ၏ ပြည်တွင်းပဋိပက္ခများ ကြာရှည်လာသည်နှင့်အမျှ နိုင်ငံအတွက် ဆိုးကျိုးများ ပိုမိုများပြားလာမည်ကို သတိပြုဆင်ခြင်ကြရပါမည်။ ထိုဆိုးကျိုးများသည် နိုင်ငံ၏အနာဂတ်ခရီးကိုလည်းကောင်း၊ ပြည်သူလူထု၏ အကျိုးစီးပွားကိုလည်းကောင်း အကျိုးပြုမည်မဟုတ်ပါ။ အဆိုးသံသရာလည်ခြင်းဖြင့်သာ အခက်အခဲ အကျပ်အတည်းများအကြား ပို၍ နစ်မြုပ်သွားမည် ဖြစ်ပါသည်။ ထိုသံသရာမှ လွတ်မြောက်ရန်ဆိုပါက အတူတကွ လက်တွဲဖြေရှင်းခြင်းဖြင့်သာ အကျိုးရှိသော ရလဒ်နှင့် ကောင်းမွန်သော အနာဂတ်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။

**ကိုးကား**

၁။ ADB၊ ASIAN Development Outlook 2022 Mobilizing Taxes For Development၊ April 2022

၂။ Myanmar urban poverty rates set to triple, new United Nations survey finds၊ https:// www.undp. org/ press- releases/ myanmar- urban-poverty- rates- set- triple- new-united-nations-survey-finds

# အက်တမ်က 5G ကွန်ရက်ကို မြန်မာနိုင်ငံတွင် အစောဆုံးစတင်နိုင်ရန် ဒေါ်လာသန်း ၃၃၀ ရင်းနှီးမြှုပ်နှံမည်

**ရန်ကုန် ဇွန် ၂၁**

တယ်လီနောမြန်မာမှ ပိုင်ဆိုင်မှုနှင့် အမည်ပြောင်းလဲသွားသည့် အက်တမ် (Advancing Telecommunications of Myanmar–ATOM) အနေဖြင့် 4.5G ကွန်ရက်ကို ဇွန် ၈ ရက်က စတင်မိတ်ဆက်ခဲ့ကာ ဆက်လက်၍လည်း အမေရိကန်ဒေါ်လာ သန်း ၃၃၀ ရင်းနှီးမြှုပ်နှံပြီး လာမည့်နှစ်များတွင် 5G ကို မိတ်ဆက်သွားမည်ဖြစ်ကြောင်း ဇွန် ၈ ရက်က သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အနာဂတ်တွင် အဆင်သင့်ဖြစ်နေစေမည့် ဆက်သွယ်ရေးကွန်ရက်များ အဆင့်မြှင့်တင်ခြင်း၊ စီးပွားရေးလုပ်ငန်းများ အသွင်ကူးပြောင်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် ပြည်တွင်းရှိ အရည်အချင်းရှိသည့် လူငယ်လူရွယ်များကို မြေတောင်မြှောက်ပေးခြင်းတို့ ပြုလုပ်ရန် အမေရိကန်ဒေါ်လာသန်း ၃၃၀ ကျော်ကို လာမည့် သုံးနှစ်အတွင်း ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ လာမည့်နှစ်များတွင် 5G ကွန်ရက်ကို မြန်မာနိုင်ငံတွင် ပထမဆုံးစတင်နိုင်ရန် ရည်ရွယ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အက်တမ်သည် Machine learning နှင့် Metaverse ကဲ့သို့သော စဉ်ဆက်မပြတ်ပေါ်ထွက်နေသည့် ဒစ်ဂျစ်တယ်နည်းပညာများအတွက် မျိုးဆက်သစ် အခြေခံအဆောက်အအုံများပေါ်တွင်လည်း ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံအနေနဲ့ ဒစ်ဂျစ်တယ်အတွေ့အကြုံတွေ ရရှိခံစားဖို့ အချိန်အကြာကြီး စောင့်မနေသင့်ပါဘူး။ ပြီးတော့ 5G ရဲ့ အကျိုးကျေးဇူးတွေကိုလည်း ခံစားသင့်ပါတယ်" ဟု အက်တမ်၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာအရာရှိချုပ် Ahmad Abdallah က ပြောကြားသည်။

ထို့အပြင် မြန်မာနိုင်ငံသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူသားချင်းစာနာထောက်ထားမှု စသည့် ကူညီထောက်ပံ့မှုများကို အဓိကထား ပံ့ပိုးကူညီသွားမည့် လူမှုအကျိုးပြုလုပ်ငန်းများအတွက်လည်း မြန်မာငွေကျပ်သန်း ၃၀၀၀ ကို ATOM အမှတ်တံဆိပ်သစ် စတင်လည်ပတ်သည့် အချိန်မှစ၍ လာမည့် ၂၀၂၃ ခုနှစ်အထိ သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။




အက်တမ်အနေဖြင့် သုံးစွဲသူများအား ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်အတွက် Call Center သို့ ခေါ်ဆိုနိုင်သည့်အချိန်ကို တိုးမြှင့်လိုက်သလို ခေါ်ဆိုခပေးရန်မလိုအပ်ဘဲ အခမဲ့ခေါ်ဆိုနိုင်မည်ဖြစ်ကြောင်းနှင့် သုံးစွဲသူများ၏ လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်ရန် လုပ်ဆောင်ပေးမည့် ဒစ်ဂျစ်တယ်အဖွဲ့ကိုလည်း ပိတ်ရက်မရှိ ၂၄ နာရီပတ်လုံး အချိန်မရွေး ဆက်သွယ်နိုင်မည်ဖြစ်ကြောင်း ဇွန် ၁၇ ရက်က သတင်းထုတ်ပြန်ချက်အရ သိရသည်။

**ကိုစိုး**

# ပိုမိုကောင်းမွန်သောလုပ်ဆောင်ချက်များပါသည့် အခကြေးငွေပေးရသော တယ်လီဂရမ် ဝန်ဆောင်မှုသစ်ကို စတင်မိတ်ဆက်

**ရန်ကုန် ဇွန် ၂၁**

အခကြေးငွေပေးစရာမလိုဘဲ အသုံးပြုနိုင်သော မက်ဆင်ဂျာနှင့် ဆိုရှယ်မီဒီယာကွန်ရက်အဖြစ် ၂၀၁၃ ခုနှစ်က စတင်မိတ်ဆက်ခဲ့ပြီး လက်ရှိအချိန်၌ အသုံးပြုသူပေါင်း သန်း ၇၀၀ ကျော်ရှိနေပြီဖြစ်သည့် တယ်လီဂရမ်တွင် ပထမဆုံးအကြိမ်အဖြစ် အခကြေးငွေပေး၍ အသုံးပြုနိုင်သည့် ပရီမီယံဝန်ဆောင်မှုကို ဇွန် ၂၀ ရက်က စတင်မိတ်ဆက်လိုက်ပြီး ပရီမီယံကို အသုံးပြုသူများသည် လက်ရှိထက် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် တယ်လီဂရမ်ကို အသုံးပြုသူအများအပြားရှိနေပြီး အများစုမှာ မက်ဆင်ဂျာကွန်ရက်အနေဖြင့်သာ သုံးသဖြင့် ပရီမီယံဝန်ဆောင်မှုကိုရယူရန် မလိုသော်လည်း တယ်လီဂရမ်ကို ကြော်ငြာအနေဖြင့်သုံးသည့် စီးပွားရေးလုပ်ငန်းများ၊ မီဒီယာများအတွက်မူ တယ်လီဂရမ်ပရီမီယံတွင် ပါဝင်လာမည့် လုပ်ဆောင်ချက်များကြောင့် အသုံးပြုရာတွင် ပိုမိုကောင်းမွန်စေမည်ဖြစ်သည်။

တယ်လီဂရမ် ပရီမီယံကို Apple ၏ iPhone များအတွက် ပထမဆုံး စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်ပြီး ပရီမီယံကို အသုံးပြုသူလိုများသည် iOS App Store တွင် တယ်လီဂရမ်ဗားရှင်းအသစ်ဖြစ်သည့် 8.8 ကို ဒေါင်းလုပ်ဆွဲကာ ပရီမီယံစာရင်းသွင်းခြင်းကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ဈေးနှုန်းအနေဖြင့် iOS တွင် အကောင့်တစ်ခုအတွက် လစဉ် ငါးဒေါ်လာမှ ခြောက်ဒေါ်လာကြား ကျသင့်မည်ဖြစ်သည်။ အန်းဒရွိုက်ဖုန်းများအတွက် ဗားရှင်း 8.8 မှာမူ လက်ရှိအချိန်အထိ ထွက်ရှိခြင်းမရှိသေးဘဲ မကြာမီ ထွက်ရှိမည်ဟု နိုင်ငံတကာမှ အသုံးပြုနေသူများက ခန့်မှန်းနေကြသည်။


တယ်လီဂရမ်ပရီမီယံကို သုံးစွဲသူများအနေဖြင့် ရရှိမည့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများမှာ-

**ဖိုင်အရွယ်အစား 4GB အထိ တင်နိုင်ခြင်း**

အခမဲ့အသုံးပြုသူများသည် ဖိုင်တစ်ခုချင်းအတွက် အကြီးဆုံး 2GB အထိသာ upload တင်နိုင်သော်လည်း ပရီမီယံသုံးသူများသည် 4GB အထိ ဖိုင်များကို upload တင်နိုင်မည်ဖြစ်သည်။

**ပိုမြန်သောဒေါင်းလုပ်ဆွဲခြင်း**

ပရီမီယံအသုံးပြုသူများသည် တယ်လီဂရမ်ပေါ်မှ မည်သည့် ဖိုင်များကိုမဆို သာမန်အသုံးပြုသူများထက် ပိုမြန်သောနှုန်းဖြင့် ဒေါင်းလုပ်ဆွဲနိုင်မည် ဖြစ်သည်။




**ကန့်သတ်ချက်များဖယ်ရှားခြင်း**

တယ်လီဂရမ် ပရီမီယံကို သုံးသူများသည် ချန်နယ် ၁၀၀၀ အထိ ကြည့်နိုင်ခြင်း၊ တစ်ခုလျှင် အပြန်အလှန်ပြောဆိုမှု ၂၀၀ အထိပါရှိသော ချတ်ဖိုင်တွဲ ၂၀ အထိ ဖန်တီးနိုင်ခြင်း၊ အကြိုက်ဆုံးစတစ်ကာ ၁၀ ခုအထိ သိမ်းဆည်းနိုင်ခြင်း စသည်တို့ကို ရရှိမည်ဖြစ်ပြီး ထိုအချက်များသည် အခမဲ့အသုံးပြုသူများ ရရှိနိုင်သည့် ဝန်ဆောင်မှုများ၏ နှစ်ဆဖြစ်သည်။

**အသံမက်ဆေ့ချ်ကို စာသားအနေဖြင့် ပြောင်းနိုင်ခြင်း**

တယ်လီဂရမ်ပရီမီယံတွင် သုံးစွဲသူများသည် ဝင်လာသောအသံမက်ဆေ့များကို အသံကျယ်ကျယ်ဖြင့် နားထောင်နိုင်သောအခြေအနေတွင် မရှိသည့်အခါ ထိုအသံမက်ဆေ့ချ်များကို စာသားအဖြစ်သို့ ပြောင်းလဲ၍ ဖတ်နိုင်မည့် ဝန်ဆောင်မှုလည်း အသစ်ပါဝင်လာမည်ဖြစ်သည်။

**ကြော်ငြာမပါဝင်ခြင်း**

အခမဲ့အသုံးပြုသူများအနေဖြင့် တယ်လီဂရမ်တွင် ကြော်ငြာများကိုပါ မြင်တွေ့ရမည်ဖြစ်သော်လည်း ပရီမီယံအသုံးပြုသူများအနေဖြင့် မည်သည့်ကြော်ငြာကိုမှ မြင်တွေ့ရတော့မည်မဟုတ်ပေ။

အထက်ပါအချက်များအပြင် ပရီမီယံကို အသုံးပြုသူများအနေဖြင့် စတစ်ကာအသစ်များ အသုံးပြုနိုင်ခြင်း၊ ပို၍ကောင်းမွန်သော စကားပြောစီမံခန့်ခွဲမှုစနစ်၊ ကိုယ်ရေးကိုယ်တာနှင့် လုံခြုံရေးဆက်တင်၊ အသုံးပြုသူ၏အမည်နှင့်အတူ ပရီမီယံတံဆိပ် ပြသပေးခြင်း စသည့်အချက်များကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုး**

ကိုးကား – androidauthority.com/

# လူအများစိတ်ဝင်စားနေသည့် Nothing Phone 1 ၏ အချက်အလက်နှင့် ထွက်ရှိမည့်ရက်ကို ကြေညာ

ကမ္ဘာတစ်ဝန်းမှ မိုဘိုင်းဖုန်းအသုံးပြုသူများ စိတ်ဝင်စားမှုမြင့်တက်နေသည့် စမတ်ဖုန်းအမှတ်တံဆိပ်အသစ်ဖြစ်သည့် Nothing Phone 1 ၏ ထွက်ရှိမည့်ရက်နှင့် အချက်အလက်အသေးစိတ်ကို ဇွန် ၁၉ ရက်တွင် Nothing Technology Limited က ထုတ်ပြန်ကြေညာခဲ့သည်။

Nothing Phone 1 ကို ထုတ်လုပ်မည့် Nothing Technology Limited ကို ယခင်နာမည်ကြီး ဖုန်းအမှတ်တံဆိပ်တစ်ခုဖြစ်သော OnePlus ကို တည်ထောင်ခဲ့သူ Carl Pei က ၂၀၂၀ ပြည့်နှစ်က တည်ထောင်ခဲ့ခြင်းဖြစ်ကာ Carl Pei ၏ ကိုယ်ပိုင်နည်းပညာကုမ္ပဏီမှ ပထမဆုံးထုတ်လုပ်မည့် ဖုန်းအမှတ်တံဆိပ်သစ်ဖြစ်ခြင်းကြောင့် လည်းကောင်း၊ ဖောက်ထွင်းမြင်ရသော နောက်ဘက် ကာဗာဒီဇိုင်းကြောင့် လည်းကောင်း၊ စက်လည်ပတ်မှုစနစ်တွင် အန်းဒရွိုက် ၁၂ ကို အခြေခံသော်လည်း အခြားအန်းဒရွိုက်ဖုန်းများထက် ပို၍ထူးခြားမည့် Nothing OS ကြောင့်လည်းကောင်း မထွက်မီကပင် လူအများ စိတ်ဝင်စားမှုကို ရရှိနေခြင်းဖြစ်သည်။

ထို့အပြင် Nothing Phone တွင် အသုံးပြုနိုင်မည့် Home Screen နှင့် Launcher ပုံစံကို စမ်းသုံးလိုသူများအတွက် Nothing Launcher အက်ပလီကေးရှင်း (ဘီတာ) ကို ပလေးစတိုးတွင် စမ်းသပ်တင်ပေးခဲ့ရာတွင်လည်း အသုံးပြုသူများ၏ ကြိုက်နှစ်သက်မှုကို ရရှိခဲ့သည်။

**Nothing Phone 1 အချက်အလက်များ**

| | |
|---|---|
| မျက်နှာပြင်အကျယ် | ၆ ဒသမ ၅၅ လက်မ |
| မျက်နှာပြင်အမျိုးအစား | OLED |
| ရုပ်ထွက်အရည်အသွေး | 120Hz, 1080 x 2400 pixels |
| Processor | Qualcomm Snapdragon 7 Gen 1 |
| RAM | 8/12 GB |
| မင်မိုရီ | 128/256 GB |
| အန်းဒရွိုက်ဗားရှင်း | အန်းဒရွိုက် ၁၂ |
| စက်လည်ပတ်မှုစနစ် | Nothing OS |
| ပင်မကင်မရာ | 50MP (Primary) + 12MP (Ultra–wide) |
| ဆယ်လ်ဖီကင်မရာ | 32MP |
| ဘက်ထရီ | 4500mAh |
| အားသွင်းစနစ် | 45W အမြန်အားသွင်းစနစ်၊ ကြိုးမဲ့အားသွင်းစနစ် |




Nothing Phone 1 ကို ဇူလိုင် ၁၂ ရက်တွင် တရားဝင်မိတ်ဆက်ရောင်းချမည်ဖြစ်ပြီး အဆိုပါရက်မတိုင်မီ ဝယ်ယူအသုံးပြုလိုသူများအတွက် Limited Edition အဖြစ် ဖုန်းအလုံး ၁၀၀ ကိုလည်း ဇွန် ၂၁ ရက်မှ ၂၃ ရက်အတွင်း ရောင်းချမည်ဖြစ်ကြောင်း ကုမ္ပဏီက ကြေညာထားသည်။ သို့သော် ရောင်းချမည့်နိုင်ငံများနှင့် ဈေးနှုန်းကိုမူ ထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။

**ကျော်ဇင်ဦး**

# ဆော်ဒီအိမ်ရှေ့မင်းသား အလည်အပတ်ခရီးစဉ်အဖြစ် အီဂျစ်နိုင်ငံသို့ ရောက်ရှိ

**ကိုင်ရို ဇွန် ၂၁**

အီဂျစ်သမ္မတ အက်ဒယ်ဖာတက်အယ်စီစီသည် ဆော်ဒီအာရေဗျအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန် အယ်ဆတ်ကို ဇွန် ၂၀ ရက် ညပိုင်းတွင် ကိုင်ရိုအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လက်ခံကြိုဆိုခဲ့ကြောင်း အီဂျစ်သမ္မတရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

အီဂျစ်နိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ်ခရီးရောက်ရှိလာသည့် ဆော်ဒီအိမ်ရှေ့မင်းသား ဘင်ဆယ်လ်မန် အယ်ဆတ်သည် အီဂျစ်သမ္မတ စီစီနှင့် နယ်ပယ်စုံကဏ္ဍစုံတွင် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်သွားရန် နည်းလမ်းများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆော်ဒီအိမ်ရှေ့မင်းသားသည် အီဂျစ်ခရီးစဉ်ပြီးပါက ဂျော်ဒန်နိုင်ငံနှင့် တူရကီနိုင်ငံတို့သို့ ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ဆော်ဒီအာရေဗျနိုင်ငံသို့ ဇူလိုင် ၁၅ ရက်နှင့် ၁၆ ရက်တွင် လာရောက်ရန် စီစဉ်ထားကြောင်း၊ မကြာသေးမီက ထုတ်ပြန်ကြေညာချက်မတိုင်မီ ဆော်ဒီအိမ်ရှေ့မင်းသား၏ အာရပ်ခရီးစဉ် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်လ်မန်အယ်ဆတ်နှင့် အီဂျစ်သမ္မတ အက်ဒယ်ဖာတက်အယ်စီစီတို့ တွေ့ဆုံစဉ်။

# မော်ရိုကိုနှင့် အမေရိကန်နိုင်ငံတို့ အာဖရိကလိုင်းယွန် ပူးတွဲစစ်ရေးလေ့ကျင့်မှု စတင်

**ရာဘတ် ဇွန် ၂၁**

မော်ရိုကိုနှင့် အမေရိကန်နိုင်ငံတို့သည် နိုင်ငံခြားတပ်ဖွဲ့များ အပါအဝင် နှစ်စဉ်ကျင်းပမြဲဖြစ်သော အာဖရိကလိုင်းယွန် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဇွန် ၂၀ ရက်က စတင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် (၁၈) ကြိမ်မြောက် ပူးတွဲစစ်ရေးလေ့ကျင့်မှုဖြစ်ပြီး နိုင်ငံပေါင်း ၁၁ နိုင်ငံမှ တပ်ဖွဲ့ဝင်များ ပါဝင်ကြကြောင်း၊ စစ်ရေးလေ့လာ စောင့်ကြည့်သူ ၂၀ ခန့်ရှိကြောင်း မော်ရိုကိုသတင်းဌာန (အမ်အေပီ)က ပြောသည်။



အာဖရိကလိုင်းယွန် ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်နေသည်ကို တွေ့ရစဉ်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဇွန် ၃၀ ရက်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် စစ်ရေးလေ့ကျင့်မှု၌ ဂါနာ၊ ဆီနီဂေါနှင့် တူနီးရှားနိုင်ငံတို့လည်း ပါဝင်မည်ဖြစ်ကြောင်း အာဖရိကဆိုင်ရာ အမေရိကန်တပ်ဖွဲ့ ဗဟိုဌာနချုပ်က ဇွန် ၁၀ ရက်တွင် ပြောကြားထားသည်။ ၂၀၂၁ ခုနှစ်က ပြုလုပ်သော အာဖရိကလိုင်းယွန် ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် မော်ရိုကို၊ တူနီးရှားနှင့် ဆီနီဂေါနိုင်ငံတို့မှ တပ်ဖွဲ့ဝင်အင်အား ၇၈၀၀ ပါဝင်ကြောင်း သိရသည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ကြည်း၊ ရေ၊ လေ စစ်ရေးလေ့ကျင့်မှုများ ပါဝင်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း အမ်အေပီက ပြောသည်။ ၎င်းစစ်ရေးလေ့ကျင့်မှုသည် ပင်လယ်ရေကြောင်းလုံခြုံရေးနှင့် တရားမဝင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရန်ရည်ရွယ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၉၃၁၀ ထပ်မံတွေ့ရှိ

**ဆိုးလ် ဇွန် ၂၁**

တောင်ကိုရီးယားနိုင်ငံသည် ဇွန် ၂၀ ရက် သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၃၁၀ ထပ်မံတွေ့ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ဇွန် ၂၁ ရက်တွင် ပြောသည်။

အဆိုပါ ကူးစက်မှုပမာဏသည် ယခင်ရက်က ၃၅၃၈ ဦးမှ တိုးလာခြင်းဖြစ်ကြောင်း ကိုရီးယားရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအေဂျင်စီ (ကေဒီစီအေ) က ပြောသည်။ အဆိုပါ ကူးစက်ခံရသူများအနက် ၇၆ ဦးသည် ပြည်ပပြန်ကူးစက်မှုဖြစ်သောကြောင့် နိုင်ငံတစ်ဝန်း စုစုပေါင်း ပြည်ပပြန်ကူးစက်မှု အရေအတွက်သည် ၃၄၀၆၄ ဦး အထိ ရှိလာပြီဖြစ်သည်။

ထို့အပြင် အဆိုပါ ကူးစက်ခံရသူများအနက် အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူနေရသူ ၆၈ ဦးရှိပြီး ယခင်ရက်ကထက် လေးဦး ကျဆင်းလာကြောင်း သိရသည်။ တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၂ ဦး ရှိသည့်အတွက် အဆိုပါရောဂါဖြင့် သေဆုံးသူ စုစုပေါင်း ၂၄၄၆၃ ဦးရှိလာပြီ ဖြစ်သည်။ **ဆင်ဟွာ**




# ပညာရေးအတွက် တရုတ်နိုင်ငံတွင် ၁၀ နှစ်အတွင်း အချိန်ပြည့် ဆရာ ဆရာမ ၁ ဒသမ ၄၈ သန်း ခန့်အပ်

**ပေကျင်း ဇွန် ၂၁**

တရုတ်နိုင်ငံသည် မသင်မနေရ ပညာရေးအတွက် ၁၀ နှစ်အတွင်း အချိန်ပြည့် ဆရာ ဆရာမ ၁ ဒသမ ၄၈ သန်းကို ခန့်အပ်လိုက်သည့်အတွက် အချိန်ပြည့် ဆရာ ဆရာမ စုစုပေါင်း အရေအတွက်သည် ၁၀ ဒသမ ၅၇ သန်းအထိ ရှိလာပြီဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်သော နောက်ဆုံးအချက်အလက်များအရ သိရသည်။

တရုတ်နိုင်ငံ၌ ကိုးနှစ် မသင်မနေရပညာရေးအတွက် ကျောင်းပေါင်း ၂၀၇၀၀၀ တွင် ကျောင်းသား ကျောင်းသူ ၁၅၈ သန်းရှိကြောင်း သိရသည်။ အဆိုပါ မသင်မနေရပညာရေးစနစ်သည် ၂၀၁၂ ခုနှစ်တွင် ၉၁ ဒသမ ၈ ရာခိုင်နှုန်းမှ ယခုနှစ်တွင် ၉၅ ဒသမ ၄ ရာခိုင်နှုန်းသို့ မြင့်တက်လာကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ မသင်မနေရပညာရေးစနစ်တွင် မူလတန်းကို ခြောက်နှစ်နှင့် အငယ်တန်း အလယ်တန်းကို သုံးနှစ်တို့ပါဝင်ပြီး အခကြေးငွေ မပေးရကြောင်း သိရသည်။

**ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၌ ဓာတ်ဆီဈေးနှုန်းများ စံချိန်တင် မြင့်တက်

**ဟနွိုင်း ဇွန် ၂၁**

ဗီယက်နမ်နိုင်ငံ၏ ဓာတ်ဆီဈေးနှုန်းသည် ယခုနှစ်တွင် စံချိန်တင်မြင့်တက်လာကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံ၌ ယခုလတွင် လောင်စာဆီဈေးနှုန်းမြင့်တက်မှုသည် တတိယအကြိမ်မြောက် မြင့်တက်မှုဖြစ်ကြောင်း၊ ဇွန် ၂၁ ရက်မှစတင်ကာ RON 95 တစ်လီတာဈေးနှုန်းသည် ဗီယက်နမ် ၄၉၈ ဒေါင် (အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၂၂ ဒေါ်လာခန့်) မှ ၃၂၈၇၃ ဒေါင် (အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁ ဒေါ်လာ) အထိ စံချိန်တင်မြင့်တက်လာခဲ့ကြောင်း သိရသည်။




ဗီယက်နမ်နိုင်ငံ၌ အမျိုးသမီးတစ်ဦး လောင်စာဆီဖြည့်သွင်းနေမှုကို တွေ့ရစဉ်။

RON 92 တစ်လီတာဈေးနှုန်းသည် ဗီယက်နမ် ၁၈၅ ဒေါင် (၀ ဒသမ ၀၀၈ အမေရိကန်ဒေါ်လာ) မှ ၉၉၉ ဒေါင် (၀ ဒသမ ၀၄၃ အမေရိကန်ဒေါ်လာ) သို့ မြင့်တက်လျက်ရှိကြောင်း သိရသည်။ လောင်စာဆီဈေးနှုန်းနှင့် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ရန် ဗီယက်နမ်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဓာတ်ဆီ၊ ဆီနှင့် အမဲဆီချောဆီများအတွက် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေး အကောက်ခွန် နှုန်းထားများကို လျှော့ချရန် အကြံပြုထားကြောင်း သိရသည်။ **ဆင်ဟွာ**

# ၂၀၂၂ ခုနှစ် ဇွန်လ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

## တိုင်းဒေသကြီး၊ ပြည်နယ်များတွင် မိုးထစ်ချုန်းရွာနိုင်ပြီး မြစ်ရေများ မြင့်တက်လာနိုင်

**နေပြည်တော် ဇွန် ၂၁**

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် အားအနည်းအငယ်မှ အားအသင့်အတင့်ရှိနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အားအသင့်အတင့် ရှိနိုင်သည်။

### မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

### မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ သုံးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခွဲခန့်၊ ဝေနံမြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် နှစ်ပေမှ ငါးပေခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**

# ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် ငွေကျပ် ၄ ဒသမ ၂၁ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၂ သိန်းကျော် ဖမ်းဆီးရမိ



**နေပြည်တော် ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် ငွေကျပ် ၄ ဒသမ ၂၁ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၂ သိန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁ ရက် ည ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာ အမှတ်(၁) ရပ်ကွက်ရှိ အောင်မင်း၏ နေအိမ်ကို သတင်းအရရှာဖွေရာ ခြံစောင့် ခင်မောင်ထွန်းနှင့် ကိုကိုနိုင်တို့ နှစ်ဦးနှင့်အတူ နေအိမ်မှ သနပ်ခါးဘူးများ၊ ဆီးသီးထုပ်များနှင့် အုန်းသီးခြောက်များအတွင်း ထည့်သွင်းသိုဝှက်ထားသည့် ဒေသကာလတန်ဖိုး ငွေကျပ် ၄ ဒသမ ၂၁ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၂ ဒသမ ၁ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများပိုင်ရှင် အောင်မင်းမှာ ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြို့မကညင်တန်းကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၇၇၅၀ ဖမ်းဆီးရမိမှုမှ ကွင်းဆက်တရားခံပြေးတစ်ဦးဖြစ်၍ ၂၀၂၂ ခုနှစ် မေ ၁၆ ရက်တွင် မောင်တောမြို့မရဲစခန်း၌ ဖမ်းဆီးခံနေရသူဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် တလုပ်မြို့ကျေးရွာနေ ကျော်ဇေယျ(ခ)ကျော်မြတ်သူသည် ၎င်းအသုံးပြုသည့် “Kyaw Myat Thu” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက်နေ သဇ္ဈာလွင်(ခ)ဇာကြီးသည် ၎င်းအသုံးပြုသည့် “Zar Kyi” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပုဏ္ဏားစုရပ်ကွက် ပုဏ္ဏားစု(၁၈)လမ်းနေ မျိုးမျိုးနိုင် (ခ) မျိုးမျိုးခိုင် (ခ) ကတ္တီပါသည် ၎င်းအသုံးပြုသည့် “Myo Myo Khaing” Facebook အကောင့်၊ ဥဿာမြို့သစ် အမှတ်(၄)ရပ်ကွက် အမှတ်(၁၄/၅၀၇)နေ နွယ်နီအောင်သည် ၎င်းအသုံးပြုသည့် “Nwe Ni Aung” Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် အမှတ်(၁၁)ရပ်ကွက်နေ ဆွေဇင်နှင်းသည် ၎င်းအသုံးပြုသည့် “Swe Zin Hinn” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ပညာရေးကဏ္ဍ မြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၀ ရက် နံနက် ၈ နာရီခွဲခန့်တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပျဉ်ရေကြီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၏ ခြံစည်းရိုးအုတ်ခုံပေါ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက အနာဂတ် လူငယ်များ၏ ပညာသင်ကြားမှုအားဟန့်တားသည့် ခြိမ်းခြောက်စာ တစ်စောင်ကို ထားရှိသွားကြောင်း သိရှိရသည်။

အလားတူ ဇွန် ၂၀ ရက် နံနက် ၁၁ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် စည်ပင်သာယာရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲဝင်းအတွင်းရှိ အားကစားကွင်းနှင့် ခြံစည်းရိုးအုတ်တံတိုင်းကြား၌ လည်းကောင်း၊ အားကစားကွင်း၏ အနောက်ဘက်၌ လည်းကောင်း PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် အသံမိုင်း နှစ်လုံးတို့ ပေါက်ကွဲခဲ့ပြီး အဆိုပါကျောင်း၌ ကျောင်းသူ ကျောင်းသား ၃၅၂ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

အလားတူ ယနေ့ နံနက် ၆ နာရီခွဲခန့်တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် ၂၆ လမ်း၊ ၂၂ လမ်းနှင့် ၂၃ လမ်းကြားရှိ နိုင်ငံခြားဘာသာတက္ကသိုလ်အား ၆၂ လမ်းအတိုင်း ဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်သမား အမျိုးသား နှစ်ဦးက လက်ပစ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ တက္ကသိုလ်ဝင်းအတွင်းရှိ နားနေဆောင်အပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အမိုးသွပ်ပြားများ ပေါက်ပြဲပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိပြီး တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်း ဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဇွန် ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၈ ရာခိုင်နှုန်းရှိ

(၂၁-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၀၃၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၈) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၂၇,၂၇၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၅၀၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၅၀၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၁-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၉၉) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၀၇) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၆၂) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၆၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၂၉၃) ခု | (၃) ဦး |
| **စုစုပေါင်း** | (၅,၀၃၃) ခု | (၁၄) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇွန် ၂၁**
တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် (၅) နှစ်မှ (၁၂) နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူ ၁၄၈ ဦး၊ ရော၀တီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၇၆၀၄ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်၌ ဒေသခံပြည်သူ ၃၀၅ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၄၁၂၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရော၀တီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသားကျောင်းသူ ၁၂၅၃၀ နှင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ကိုးမြို့နယ်၌ ကျောင်းသားကျောင်းသူ ၆၇၀၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

**သတင်းစဉ်**




# ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကာကွယ်ဆေးရာနှုန်းပြည့်ထိုးနှံနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၁**
ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကာကွယ်ဆေးရာနှုန်းပြည့်ထိုးနှံနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်မျိုးဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး ခရိုင်/မြို့နယ်များမှ ကော်မတီဥက္ကဋ္ဌများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက် လာကြသူများက ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ဆက်လက်ထိုးနှံနိုင်ရေး စီမံဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယတိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၁၆-၆-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၆)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ်၊ ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။**

*(ယမန်နေ့မှအဆက်)*

## နိုင်ငံတည်ငြိမ်ရေး အစွမ်းကုန်ကြိုးပမ်း

**သူရိယနေဝန်းသတင်းထောက် ဒေါ်သဇင်ဦး**က PDF အဖွဲ့များကို အလင်းဝင်ရန် ပြန်လည်ဖိတ်ခေါ်ခြင်းနှင့်ပတ်သက်ပြီး မေးမြန်းလိုကြောင်း၊ အကြမ်းဖက်အဖြစ် ကြေညာထားခြင်းခံထားရသည့် CRPH၊ NUG တို့ ကြိုးကိုင်ခြယ်လှယ်ခြင်းခံနေရသည့် PDF များကို လက်နက်အပ်နှံပြီး ပြည်သူ့ဘဝထဲသို့ ပြန်လည်ဝင်ရောက်ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ထုတ်ပြန်ချက်ကို တွေ့မြင်ရကြောင်း၊ နိုင်ငံရေးသမားအမည်ခံပြီး တိုင်းပြည်ဖျက်ဆီးရေးကို တစိုက်မတ်မတ် လုပ်ဆောင်နေကြသည့်သူများ၏ အသုံးချခံဖြစ်နေသည့် လူငယ်များကို ပြည်သူ့ဘဝထဲ ဝင်ရောက်ကြရန် ကြိုဆိုပေးသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအားလုံးကိုလည်း မိမိတို့သူရိယနေဝန်းမီဒီယာမှ အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယခုလိုနိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သော်လည်း တစ်ဖက်တွင် DKBA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောစတီး ပြောသလို စစ်တိုက်စားနေသည့် လူတန်းစားတစ်စုပေါ်ပေါက်လာပြီး စစ်တိုက်စားရသည့်အရသာကို ကောင်းကောင်းကြီးတွေ့နေကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တက်မလာနိုင်သေးသည့် ထိုအဖွဲ့တချို့သည် စစ်တိုက်စားရသည့်အရသာကိုတွေ့ပြီး လက်နက်ချအလင်းဝင်ရန် မဆိုထားနှင့် မိမိဒေသတွင် ယခုထက်ပိုပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ပြဋ္ဌာန်းခွင့်များ ပိုမိုရရှိနိုင်သည်ကိုသိပါလျက်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တက်ရောက်မလာကြသေးကြောင်း၊ PDF အဖွဲ့အစည်းများကလည်း လက်နက်ကိုင်ပြီး အကြမ်းဖက်သည့် အရသာ၊ ဆက်ကြေးကောက်ရသည့် အရသာ၊ ဓားပြတိုက်ခြိမ်းခြောက်ရသည့် အရသာကို ကောင်းကောင်းကြီးတွေ့နေကြပြီး ဖြစ်ကြောင်း၊ RCSS ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ယွက်စစ်ပြောသလို PDF များက ကြာလာလျှင် ဓားပြဂိုဏ်းများ ဖြစ်လာနိုင်သည့်အတွက် ခေတ်သစ်(ဗကပ) ဖြစ်သည့် PDF နှင့် အခြားအမည်ခံ အဖွဲ့အမျိုးမျိုးကို လက်နက်အပ်နှံပြီး ပြည်သူ့ဘဝ ပြန်လည်ဝင်ရောက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အချိန်အတိုင်းအတာကန့်သတ်ချက်များ ရှိပါသလား၊ အချိန်အတိုင်းအတာ ကျော်လွန်သွားသည့်အချိန်ဖြစ်ပါက မည်သို့နှိမ်နင်းမှုမျိုးပြုလုပ်မည်ဆိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က EAO များနှင့် PDF အဖွဲ့များ၏ ကွာခြားချက်ကိုလည်း မိမိတို့ပြောပြီးဖြစ်ကြောင်း၊ တချို့ EAO အဖွဲ့များသည် နှစ်ပေါင်းများစွာက ပေါ်ပေါက်ခဲ့သည့်အဖွဲ့ရှိသလို တချို့ EAO အဖွဲ့များအနေဖြင့် ၂၀၁၇ ခုနှစ်မှ ပေါ်ပေါက်လာသည့် အဖွဲ့များရှိကြောင်း၊ တော်တော်များများက ၎င်းတို့၏ တိုင်းရင်းသားလူမျိုးများအရေး၊ ၎င်းတို့ဒေသအရေးကိုတောင်းဆိုရင်း EAO ဖြစ်လာသည့် အဖွဲ့များလည်းရှိကြောင်း၊ အခြားအကြောင်းအမျိုးမျိုးကြောင့် ဖြစ်လာသည့် EAO များလည်းရှိကြောင်း၊ EAO အဖွဲ့များ၏ လက်နက်ကိုင်ဆောင်ရွက်နေခြင်းသည် ထိုအရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ PDF အဖွဲ့များ၏ လက်နက်ကိုင်ဆောင်ရွက်နေခြင်းသည် ၎င်းတို့နှင့် တခြားစီဖြစ်နေကြောင်း၊ မိမိတို့ ပြောခဲ့သည့် မဲမသမာမှုကြောင့်ဖြစ်သည့်အတွက် မဲမသမာမှုများရှင်းလင်းပေးရန်အကြိမ်ကြိမ် အချိန်များစွာ တောင်းဆိုခဲ့ကြောင်း၊ လူသိရှင်ကြားပြောခဲ့ကြောင်း၊ ယင်းကိစ္စများကို လုပ်ဆောင်ခြင်းမရှိဘဲ ထွက်ပြေးတိမ်းရှောင်သွားသည့် လူများက လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ EAO များက ရည်မှန်းတိုက်ခိုက်ခြင်းသည် အစိုးရကို တိုက်ခိုက်ခြင်းဖြစ်ပြီး ၎င်းတို့၏ ဒေသအကျိုးနှင့်ပတ်သက်ပြီး အစိုးရကို တောင်းဆိုရာတွင် မရသည့်အတွက် အစိုးရကိုတိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ PDF များ၏ လှုပ်ရှားမှုသည် EAO များနှင့် မတူဘဲ အစိုးရကို တိုက်ခိုက်ခြင်းထက် ပြည်သူလူထုကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ မှန်/မမှန် သေချာစဉ်းစားစေလိုကြောင်း၊ EAO များက စာသင်နေသည့် ကလေးများကို ဝင်ပြီးပစ်သွားသည့် ဖြစ်စဉ်မျိုးရှိပါသလား၊ EAO များသည် အစိုးရတပ်များ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၊ တချို့လုံခြုံရေးတပ်ဖွဲ့များကို တိုက်ခိုက်ကြောင်း၊ မည်သည့်အတွက်ကြောင့် တိုက်ခိုက်သလဲဆိုလျှင် ၎င်းတို့၏ဒေသနှင့် လူမျိုးစု၏ အကျိုးကို တောင်းဆို၍မရသည့်အတွက် အစိုးရကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း။

PDF အများစုလုပ်ဆောင်နေခြင်းသည် ပြည်သူလူထုကိုဒလန်ဟု စွပ်စွဲပြီး သတ်ဖြတ်ခြင်းဖြစ်ကြောင်း၊ သတ်ဖြတ်ခြင်းခံရသည့် လူသည် ဒလန် ဟုတ်/မဟုတ် မသိဘဲ မကျေနပ်သည့်အတွက် သတ်ကြောင်း၊ NLD ပါတီအဖွဲ့ဝင်အချင်းချင်းသာမက ယခင်က ၎င်းတို့ကို အားပေးနေသည့် အချင်းချင်းကိုပင် သတ်ဖြတ်ကြကြောင်း၊ ထို့ပြင် ဘုန်းကြီးများကိုလည်း သတ်ဖြတ်ကြကြောင်း၊ မည်သည့် EAO အဖွဲ့ကမှ ဘုန်းကြီးများနှင့်ပတ်သက်ပြီး သတ်ဖြတ်ခြင်းရှိပါသလား၊ တော်တော်ရှားပါးသည့် ဖြစ်စဉ်ဖြစ်ကြောင်း၊ စာသင်ကျောင်းများကို တိုက်ခိုက်ကြောင်း၊ ယခင် ကိုဗစ်ကာလဖြစ်ချိန်တွင် ဆေးရုံများကို တိုက်ခိုက်ကြောင်း၊ မည်သည့် EAO အဖွဲ့မှ ထိုသို့မလုပ်ကြောင်း၊ PDF များက ပြည်သူလူထုပိုင်သည့် အဆောက်အဦများနှင့် ပြည်သူလူထုကို တိုက်ခိုက်ခြင်း ဖြစ်ကြောင်း၊ စာသင်ကျောင်းများ၊ ဆရာ ဆရာမများကို တိုက်ခိုက်ပြီး သတ်ဖြတ်ကြောင်း၊ PDF အဖွဲ့များထဲတွင် ရောက်နေသည့်လူများကို သိစေလိုကြောင်း၊ ၎င်းတို့ကို ကြိုးကိုင်ပြီး လုပ်ဆောင်ခြင်းသည် ၎င်းတို့ လုပ်ရပ်မှန်/မမှန် သိစေလိုကြောင်း၊ PDF၊ NUG၊ CRPH အမည်ခံအဖွဲ့များနှင့် ဆွေးနွေးခြင်းမဟုတ်ကြောင်း၊ ထိုအထဲတွင် လမ်းမှားရောက်နေသည့်သူများ၊ မသိလိုက် မသိဘာသာ ကျူးလွန်နေသူများကို မိမိတို့ဖိတ်ခေါ်ခြင်းဖြစ်ကြောင်း၊ EAO အဖွဲ့များနှင့် မတူကြောင်း၊ EAO အဖွဲ့များကို ဖိတ်ခေါ်ခြင်းသည် ဥက္ကဋ္ဌကိုယ်တိုင်၊ EAO အဖွဲ့အစည်းတစ်ရပ်လုံးကို ဖိတ်ခေါ်ခြင်းဖြစ်ကြောင်း၊ PDF အဖွဲ့များနှင့် EAO အဖွဲ့များက ဖြစ်တည်မှုချင်း၊ ရပ်တည်မှုချင်း မတူကြောင်း၊ သေချာပြန်စဉ်းစားကြည့်လျှင် မည်သူတို့ကို တိုက်ခိုက်နေသည်ကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ PDF အဖွဲ့များသည် ပြည်သူလူထုကို တိုက်ခိုက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့အထဲတွင် လမ်းမှားရောက်နေသည့်သူများကိုသာ ဖိတ်ခေါ်ခြင်းဖြစ်ကြောင်း။



ဒေါ်သဇင်ဦး



ဦးဝင်းနိုင်



ဒေါက်တာမင်းလွင်



ဦးမောင်မောင်ထွန်း

## တတ်နိုင်သမျှ လက်ခံသွားမည်ဖြစ်

ယနေ့ဆိုလျှင် ၃၈ ဦး ဝင်ရောက်လာကြောင်း၊ ကျန်သည့်သူများ၊ PDF ထဲရောက်နေသည့် လမ်းမှားရောက်နေသည့်သူများလည်း ဝင်ရောက်လာရန် ဆက်သွယ်နေခြင်းများလည်း ရှိကြောင်း၊ တစ်ဆက်တည်း သတိပေးလိုသည်မှာ ၎င်းအဖွဲ့များကို အားပေးအားမြှောက်လုပ်နေသည့် တချို့သော EAO အဖွဲ့အစည်းများရှိကြောင်း၊ ယင်း EAO အဖွဲ့အစည်းများထဲ၌ ထိုအဖွဲ့အစည်းများနှင့်ပတ်သက်ပြီး သဘောထား ကွဲလွဲမှုများရှိကြောင်း၊ ထို့ကြောင့် ယခင်ကတည်းက တည်ရှိခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် PDF အဖွဲ့အစည်းများ ရပ်တည်ချက်လုပ်ဆောင်မှုချင်း မတူညီကြောင်း၊ နိုင်ငံပေါ်တွင် ဖြစ်စေ၊ မိမိတို့၏ ဒေသပေါ်တွင်ဖြစ်စေ ထားရှိသည့်ခံယူချက်ချင်းလည်း မတူကြောင်း၊ ယင်းမတူညီမှုများကို အားပေးအားမြှောက်ပြုခြင်းသည် ထို EAO အဖွဲ့များထဲတွင်၊ ၎င်းတို့ကြားထဲတွင် ကူးစက်လာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ လက်ခံသွားမည်မှာ PDF အမည်ခံအဖွဲ့များ၊ လမ်းမှားရောက်နေသည့် အဖွဲ့များကိုလည်း သားသမီးချင်း ကိုယ်ချင်းစာနာကြောင်း၊ တောင်းဆိုမှုများရှိသည့်အတွက် တတ်နိုင်သမျှ ဝင်ရောက်လာနိုင်သည့် အချိန်ထိ လက်ခံသွားမည်ဖြစ်ကြောင်း၊ တချို့သော သတင်းများလည်း ကြားသိနေရကြောင်း၊ အလင်းဝင်ချင်သော်လည်း ခြိမ်းခြောက်မှုများခံရကြောင်း၊ ထွက်မလာနိုင်ဘူးဆိုသည့် သတင်းများလည်း ကြားနေရကြောင်း၊ နိုင်ငံတော်အစိုးရအနေနှင့် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများကလည်း တတ်နိုင်သမျှ အတတ်နိုင်ဆုံးအလျှို့ဝှက်ဆုံး၊ လုံခြုံမှုအရှိဆုံးဖြစ်ရန် အစွမ်းကုန်ကူညီဆောင်ရွက်ပေးသွားမည်ဟု မိမိပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**နေပြည်တော်အွန်လိုင်း သတင်းအေဂျင်စီမှ ဦးဝင်းနိုင်**က လောင်စာဆီ ဈေးနှုန်းမြင့်တက်မှုကြောင့် လက်ရှိကားခဈေးနှုန်းများ အဆမတန်မြင့်တက်နေပြီး ခရီးသွားအခြေခံလူတန်းစား မိဘပြည်သူများ ခရီးစရိတ်သက်သာသော မြန်မာ့မီးရထားကို အားကိုးအားထားပြုပြီး သွားလာနေခြင်းကို တွေ့မြင်ရကြောင်း၊ မြန်မာ့မီးရထားပြေးဆွဲနေမှုများကလည်း ယခင်က ရန်ကုန်-မန္တလေးအမြန်ရထား သုံးစင်း အစုန်/အဆန်ပြေးဆွဲနေရာက ယခုအချိန် အမြန်ရထားတစ်စင်းသာ အစုန်/အဆန် ပြေးဆွဲနေခြင်းသာရှိပြီး တချို့နေရာများ၌ နေ့စဉ်ပြေးဆွဲနေမှုများမရှိဘဲ ယာယီဖျက်သိမ်းထားခြင်းကြောင့် ခရီးသွားမိဘပြည်သူများအနေဖြင့် ခရီးအဆင်မပြေမှုများရှိသည်ကို ကြားသိခဲ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနှင့် မြန်မာ့မီးရထားခရီးသွား အခြေခံလူတန်းစားမိဘပြည်သူများ ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရန် မည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

## လမ်းပန်းဆက်သွယ်ရေး အဓိကလုပ်ဆောင်

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က တချို့ရထားလမ်းပိုင်းများ မပြေးဆွဲနိုင်သေးသည်မှာလည်း ယခုအချိန်ထိ ရှိနေသေးကြောင်း၊ မိုင်းထောင်၊ မိုင်းခွဲ တိုက်ခိုက်ခံရခြင်းကြောင့် လုံခြုံရေးအရ ပြေးဆွဲနိုင်ခြင်းမရှိသေးကြောင်း၊ ယခုလောလောဆယ်အချိန်တွင် မိမိတို့က လမ်းပိုင်းအသီးသီး၌ ခရီးဝေးရထား ၂၈ စင်းပြေးဆွဲနေခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့ပတ် ၂၂ စင်း စုစုပေါင်း ၅၀ ပြေးဆွဲလျက်ရှိကြောင်း၊ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ယခုလက်ရှိရထား ခြောက်စင်း ပြေးဆွဲပေးလျက်ရှိကြောင်း၊ ခရီးသွားများ အခက်အခဲများရှိခြင်းကိုသိရှိထားကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် မကြာမီ လပိုင်းခန့်တွင် အစုန်/အဆန်ရထား နှစ်စင်း ထပ်မံပြေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတွင် ယခု နှစ်စင်းပြေးဆွဲလျက်ရှိကြောင်း၊ ထပ်မံ၍ ထပ်တိုး နှစ်စင်း ပြေးဆွဲရန်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်-ပြည်လမ်းတွင် ခြောက်စင်း ပြေးဆွဲလျက်ရှိပြီး ထပ်မံပြီး နှစ်စင်းပြေးဆွဲနိုင်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်က လူဦးရေထူထပ်သောကြောင့် လက်ရှိ မြို့ပတ် ၂၂ စင်းပြေးဆွဲလျက်ရှိကြောင်း၊ နောက်ထပ် လေးစင်းထပ်မံပြေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ရထားများက ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် တစ်ရက်ကို လေးစင်း၊ အခြေခံလူသုံးကုန်၊ စားသောက်ကုန်တင်သည့် ရထားများက နှစ်စင်း၊ ကွန်တိန်နာအထူးရထား လေးစင်း ပြေးဆွဲလျက်ရှိကြောင်း၊ ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်းတွင် ကျောက်ရထား နှစ်စင်း၊ စုစုပေါင်း ရှစ်စင်းပြေးဆွဲလျက်ရှိကြောင်း၊ ထိုကိစ္စများနှင့် ပတ်သက်ပြီး ပြည်သူလူထုကို မိမိအသိပေးပြောကြားလိုသည်မှာ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ရထားလမ်းများ၊ ရထားတွဲများ အဆင့်မြှင့်တင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေနှင့်လည်း ရထားလမ်းပိုင်းများ မြှင့်တင်ရေး၊ ရထားလမ်းပိုင်းများ ပြေးဆွဲနိုင်ရေးနှင့် ပတ်သက်ပြီး မကြာခဏ စစ်ဆေးဆောင်ရွက်လျက်ရှိပြီး အထူးစိတ်ပါဝင်စားမှုရှိကြောင်း၊ ပြည်သူလူထု လိုအပ်ချက်များရှိလာလျှင် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်ပြီး ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးကိုလည်း အဓိကထားလုပ်ဆောင်လျက်ရှိကြောင်း၊ လိုအပ်ချက်များရှိလျှင်လည်း ယခုကဲ့သို့အသိပေးစေလိုကြောင်း၊ မိမိတို့အနေဖြင့်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အမြန်ဆုံးဖြစ်အောင် ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဟု ပြန်လည်ဖြေကြားသည်။

**Weekly Eleven မီဒီယာမှ အယ်ဒီတာချုပ် ဒေါက်တာမင်းလွင်**က မိမိမေးမည့်မေးခွန်းနှင့်ပတ်သက်ပြီး အချက်အလက်တချို့ ချပြရန်အချိန်မရှိသည့်အတွက် စာရွက်ပေးခဲ့မည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်း၏ အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီး အမှုများစွာရှိကြောင်း၊

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ထိုအမှုများထဲတွင် YBS ကိစ္စဆိုလျှင် ၎င်းအောက်က ဝန်ကြီးများနှင့် ဝန်ထမ်းများ အရေးယူခံရကြောင်း၊ တာဝန်ရှိဆုံးဖြစ်သည့်၎င်းကို အရေးယူခံရသည်ကို မတွေ့ရကြောင်း၊ ယခင်က ဦးဖြိုးမင်းသိန်းကြောင့် နိုင်ငံတော်နစ်နာဆုံးရှုံးမှု ခန့်မှန်းတွက်ချက်မှုအရဆိုလျှင် ကျပ်ဘီလီယံထောင်ချီရှိနိုင်ကြောင်း၊ တခြားတိုင်းဒေသကြီး ဝန်ကြီးချုပ်များကြောင့် နိုင်ငံတော်ထိခိုက်နစ်နာမှုသည် ဘီလီယံတစ်ရာခန့်သာရှိကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်တို့အပေါ် စွဲဆိုထားမှုအရဆိုလျှင် အဂတိလိုက်စားမှုကြောင့် နိုင်ငံတော် နစ်နာဆုံးရှုံးမှုတန်ဖိုးသည် ကျပ်ငွေလေးဘီလီယံကျော်ခန့်သာရှိကြောင်း၊ ထို့ကြောင့် NLD အစိုးရလက်ထက်က အဖွဲ့ဝင်များထဲတွင် ဦးဖြိုးမင်းသိန်းကြောင့် နိုင်ငံတော်နစ်နာဆုံးရှုံးမှုတန်ဖိုးက အများဆုံးဖြစ်သည်ဟု ယူဆရကြောင်း၊ သို့သော် အရေးယူသည့်အခါ ၎င်းသည် ကွက်ကျန်နေခဲ့ပြီး ကျန်ရှိသည့်သူများကို အရေးယူသည်ကို Political Motivated ဖြစ်နေမလားဟု မေးခွန်းထုတ်လိုကြောင်း၊ ဦးဖြိုးမင်းသိန်းသည် ဝန်ကြီးချုပ်မဖြစ်ခင်က မောင်ထော်လေးလမ်းက တိုက်ခန်း၌ နေကြောင်း၊ ၎င်း၏ အမျိုးသမီးသည် ရွှေဆိုင်ခပ်သေးသေးသာ ပိုင်ကြောင်း၊ ၎င်းဝန်ကြီးချုပ်ဖြစ်လာပြီးနောက် ဒေါ်အောင်ဆန်းစုကြည်ကို ရွှေ ခုနစ်ပိဿာနှင့် ဒေါ်လာခြောက်သိန်းဖိုးခန့်အထိ ပေးနိုင်လောက်အောင် ချမ်းသာသွားခဲ့ကြောင်း၊ ၎င်း၏ ပိုင်ဆိုင်မှုများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများရှိပါသလား သိလိုကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ဦးဖြိုးမင်းသိန်းနှင့် ပတ်သက်သည့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများအားလုံးကို အချိန်အကန့်အသတ်နှင့် စုံစမ်းစစ်ဆေးရန် အစီအစဉ် ရှိ/မရှိနှင့် စုံစမ်းစစ်ဆေးမှုလုပ်မည်ဆိုလျှင် ပွင့်လင်းမြင်သာစွာထုတ်ပြန်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က သတင်းထောက်ကြီးမေးသည့် ကိစ္စနှင့်ပတ်သက်၍ ယခင်သတင်းစာရှင်းလင်းပွဲတွင်လည်း မိမိအနေဖြင့် တစ်စွန်းတစ်စ ဖြေကြားခဲ့ပြီးဖြစ်ကြောင်း၊ တချို့သောအမှုကိစ္စများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေနှင့် စစ်ဆေးမှုများလည်းရှိကြောင်း၊ စစ်ဆေးရာတွင်မူလကိစ္စကို စစ်ဆေးခြင်းနှင့် ဆက်စပ်မှုများကို စစ်ဆေးခြင်းလည်းရှိကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေနှင့် တွေ့ရှိမှုများ၊ ရရှိချက်များတွင် မည်သည့်အကြောင်းအရာကိုမျှ ကွယ်ဝှက်ထားစရာအကြောင်းလည်းမရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ တင်ပြချက်များ၊ တွေ့ရှိချက်များအပေါ်တွင် မူတည်၍ တရားမျှတစွာ ဆုံးဖြတ်သွားလိမ့်မည်ဟုသာ ပြောလိုကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ဖြည့်စွက်ဖြေကြားပေးစေလိုကြောင်း ပြန်လည်ဖြေကြားသည်။

**ဥပဒေပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်**

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူတစ်ဦး**က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် မြန်မာနိုင်ငံက ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး Convention ကို ၂၀၀၅ ခုနှစ်တွင် လက်မှတ်ထိုးဝင်ရောက်ခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် အတည်ပြုလက်မှတ်ရေးထိုးဝင်ရောက်ခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး Convention ၏ ပြဋ္ဌာန်းချက်များကိုမူတည်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ရေးဆွဲခဲ့ကြောင်း၊ ထိုသို့ရေးဆွဲပြီးနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို ဥပဒေတွင်ပါသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းပြီး ယင်းကော်မရှင်ကို ဖွဲ့စည်းခဲ့ကြောင်း၊ ကော်မရှင်ကို ဖွဲ့စည်းခဲ့သည့် ရည်ရွယ်ချက်သည် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး Convention တွင်ပါသည့် ပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်ရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်မှ ယနေ့အထိ အစိုးရအဆက်ဆက် ကော်မရှင်က သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်စေရန်ဦးတည်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ မည်သူ့ကိုမျှ ပုဂ္ဂိုလ်ရေးအရ အငြိုးထားပြီး ဆောင်ရွက်ခြင်းမရှိပါကြောင်း၊ ပေးပို့သည့်တိုင်ကြားစာပေါ်တွင်မူတည်ပြီး တိုင်ကြားစာအရ စုံစမ်းစစ်ဆေးရေး အဖွဲ့ဖွဲ့ပြီး စစ်ဆေးပါကြောင်း၊ စစ်ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ တရားစွဲတင်သည့် ကိစ္စရပ်များ ဆောင်ရွက်ပါကြောင်း၊ ယခင်ကလည်း ယင်းစနစ်အတိုင်းဖြစ်ပြီး နောင်တွင်လည်း ဥပဒေပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားသည်။

**VOM သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က မြန်မာနိုင်ငံတွင် ဆန်လုပ်ငန်းရှင်များအသင်း၊ ဆီလုပ်ငန်းရှင်များအသင်း စသည်ဖြင့် အသင်းအဖွဲ့များရှိကြောင်း၊ အလားတူ ရေသန့်လုပ်ငန်းရှင်များအသင်းဟူ၍လည်း အသင်းအဖွဲ့တစ်ခုရှိနေကြောင်း၊ အဆိုပါ ရေသန့်လုပ်ငန်းရှင်များအသင်းသည် တရားဝင် ဖွဲ့စည်းထားသည့် အသင်း ဟုတ်/မဟုတ် သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အသင်းအဖွဲ့များ လျှောက်ထားမှုနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းထောက်ကြီးမေးမြန်းသည့် ရေသန့်လုပ်ငန်းရှင်များအသင်းကို မိမိအနေဖြင့် မတွေ့မိကြောင်း၊ ထို့ကြောင့် ယင်းကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းစေလိုကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

**Bloomberg Myanmar မှ သတင်းထောက် ဒေါ်ပိုးသိဂီကျော်**က လက်ရှိတွင် သွင်းကုန်အမယ်တချို့တင်သွင်းရန် ယာယီပိတ်ပင်ထားသည့်အပြင် အချို့သွင်းကုန်ပါမစ်များကို ထုတ်ပေးရာတွင်လည်း ကြန့်ကြာမှုများရှိနေသည်ကို သွင်းကုန်လုပ်ငန်းရှင်များထံမှ သိရကြောင်း၊ အဆိုပါကိစ္စများနှင့် ပတ်သက်၍ မည်သည့်အချိန်တွင် ဖြေလျှော့ပေးရန်အစီအစဉ် ရှိ/မရှိ သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မိမိတို့အနေဖြင့် ပစ္စည်းမှာယူတင်သွင်းမှုအခြေအနေနှင့်ပတ်သက်ပြီး လေကြောင်း၊ ရေကြောင်းများနှင့် နယ်စပ်ကုန်သွယ်မှုစခန်းများမှ ကုန်သွယ်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိတွင် ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းမှု သွင်းကုန်လိုင်စင်လျှောက်ထားမှုအပေါ်တွင် ကုန်ပစ္စည်းတန်ဖိုးပေးချေရန်လိုအပ်သည့် နိုင်ငံခြားသုံးငွေ လဲလှယ်လွှဲပြောင်းခွင့်ရရှိရေးအတွက် နိုင်ငံခြားသုံးငွေ ကြီးကြပ်ရေးကော်မတီအစည်းအဝေးသို့ တင်ပြပြီး ခွင့်ပြုချက်ရရှိပါက သွင်းကုန်လိုင်စင် ထုတ်ပေးလျက်ရှိကြောင်း၊ နိုင်ငံခြားသုံးငွေကြီးကြပ်ရေးကော်မတီအစည်းအဝေးကို အပတ်စဉ် အင်္ဂါနှင့် ကြာသပတေးနေ့များတွင် တစ်ပတ်လျှင် နှစ်ကြိမ်ကျင်းပလျက်ရှိကြောင်း၊ ပြည်တွင်းသုံးစွဲရန်လိုအပ်သည့် ကုန်ပစ္စည်းများပြည်ပမှ ဝယ်ယူတင်သွင်းမှုများတွင် နိုင်ငံတော်အတွက် အခြေခံမရှိမဖြစ်လိုအပ်သည့် ကုန်ပစ္စည်းများအား ဦးစားပေး စိစစ်ခွင့်ပြုလျက်ရှိပါကြောင်း၊ အချို့သော ကုန်ပစ္စည်းများအား ကန့်သတ်ထားသည်များရှိကြောင်း၊ နိုင်ငံခြားသုံးငွေများကို နိုင်ငံတော်၏ လိုအပ်ချက်အတိုင်း အပြည့်အဝသုံးစွဲနိုင်ရေးနှင့် နိုင်ငံခြားသုံးငွေ မလိုအပ်ဘဲ ပြည်ပသို့ စီးထွက်မှု တားဆီးနိုင်ရေးအတွက် စနစ်တကျစိစစ်ကြပ်မတ်လျက်ရှိကြောင်း၊ နိုင်ငံတော်အတွက် အခြေခံမရှိမဖြစ် လိုအပ်ခြင်းမရှိသည့် ဇိမ်ခံပစ္စည်းများကဲ့သို့ ကုန်ပစ္စည်းတင်သွင်းမှုအား မိမိတို့အနေဖြင့် စိစစ်ကန့်သတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် တရုတ်နယ်စပ်တွင် ယွမ်နှင့် ကျပ်ငွေကြေးအသုံးပြုပြီး လုပ်ဆောင်ခြင်းများ၊ ထိုင်း၊ မြဝတီ၊ တာချီလိတ်ကုန်သွယ်ရေးစခန်းများတွင် ဘတ်နှင့် ကျပ်အသုံးပြုပြီး ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်လျက်ပေးနေသည့်အပြင် ဗဟိုဘဏ်အနေဖြင့်လည်း ခွင့်ပြုပေးထားသည့် ငွေကြေးအမျိုးအစားအားလုံးနှင့် ကုန်သွယ်မှုလွယ်ကူလျင်မြန်ချောမွေ့စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**ကုန်ကြမ်းပစ္စည်းများ ဦးစားပေးတင်သွင်းလျက်ရှိ**

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုနှင့်ပတ်သက်ပြီး ပင်လယ်ရေကြောင်း၊ လေကြောင်းတို့မှ ခွင့်ပြုထားသည့်အပြင် နယ်စပ်စခန်းများမှလည်း တင်ပို့တင်သွင်းမှုများ ခွင့်ပြုထားကြောင်း၊ ဧပြီ ၄ ရက်နေ့မှစတင်ပြီး ဗဟိုဘဏ်၏ အမိန့်ညွှန်ကြားချက်နှင့်အညီ နိုင်ငံခြားငွေကြီးကြပ်မှုကော်မတီမှ ဖွဲ့စည်းပြီး ပြည်ပမှ တင်သွင်းသည့် ကုန်ပစ္စည်းများအတွက် ကော်မတီကိုတင်ပြရာ ကော်မတီမှ စိစစ်ပြီး ခွင့်ပြုလျက်ရှိကြောင်း၊ ဇိမ်ခံပစ္စည်းများ၊ တစ်ဦးချင်းကားပါမစ်များစသည်ဖြင့် တင်သွင်းခွင့်မပြုသည့် အမယ်များလည်းရှိကြောင်း၊ ယခင်က တင်သွင်းခွင့်ပြုခဲ့သော်လည်း လက်ရှိတွင် မြန်မာနိုင်ငံအတွက် ကားလုံလောက်မှုရှိခြင်းကြောင့် လောလောဆယ်ယာယီအဖြစ် တစ်ဦးချင်းကားပါမစ်တင်သွင်းမှုများလည်း ကန့်သတ်ထားမှုများရှိကြောင်း၊ ထို့ကြောင့် ဇိမ်ခံပစ္စည်းများ၊ လိုအပ်သည့် အမယ်များကို စိစစ်ကန့်သတ်ခွင့်ပြုပြီး ပြည်တွင်းအတွက်လိုအပ်သည့် စက်မှုကုန်ကြမ်း၊ စားသောက်ကုန်ကြမ်း၊ ပြည်တွင်းတွင် ထုတ်လုပ်မည့် စက်ရုံ၊ အလုပ်ရုံအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများကို ဦးစားပေးတင်သွင်းလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် လယ်ယာထုတ်ကုန်ပစ္စည်း၊ မွေးမြူရေးပစ္စည်းနှင့် သက်ဆိုင်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ တိရစ္ဆာန်အစားအစာ၊ ဆေးဝါးစသည့်အမယ်များကို ဦးစားပေးပြီး တင်သွင်းခွင့်ပြုပေးထားကြောင်း၊ ဇိမ်ခံပစ္စည်းတင်သွင်းမှုအား နောက်ဆုံးအဆင့်တွင်သာ တင်သွင်းခွင့်ပြုထားကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံခြားငွေဒေါ်လာဈေးနှုန်းကြီးမြင့်မှု မရှိစေရန် ထိန်းညှိပြီး ဆောင်ရွက်သည့် အစီအစဉ်ဖြစ်ကြောင်း၊ လက်ရှိ တစ်ဒေါ်လာကို ၁၈၅၀ ကျပ်နှုန်းဖြင့် လက်ရှိ Export လုပ်ကိုင်သည့် ကုန်သည်လုပ်ငန်းရှင်များအား ပြန်လည်ထုတ်ပေးလျက်ရှိသကဲ့သို့ ပြည်ပမှ တင်သွင်းမည့်သူများအတွက်လည်း လိုင်စင်ချပေးမှုနှင့်အတူ တစ်ဒေါ်လာကို ကျပ် ၁၈၅၀ နှုန်းဖြင့် ရောင်းချပေးပြီး ခွင့်ပြုပေးလျက်ရှိကြောင်းဖြင့် ဖြည့်စွက်ပြောကြားသည်။


ဒေါ်ပိုးသိဂီကျော်


ဒေါ်ဆွေဇင်ဦး

**Myanmar Nation Voice မှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် တပ်မတော်မှ အာဏာထိန်းခဲ့ကြောင်း၊ သို့သော် ဥပဒေကို မလိုက်နာဘဲ အကြမ်းဖက်သူများ၏ လုပ်ဆောင်မှုများကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုဘဝအေးချမ်းသာယာရေးတို့ကို စီမံဆောင်ရွက်ရာတွင် လိုသလောက်ခရီးမပေါက်သေးဟု မိမိအနေဖြင့် မြင်မိကြောင်း၊ အချို့နေရာများတွင် အတော်ဆိုးရွားနေသည်ဟု ထင်မိကြောင်း၊ အနုပညာရှင်များ၊ (ပုဒ်မ-၅၀၅) ဖြင့် တရားစွဲဆိုခြင်းခံရထားသူများ၊ တောအတွင်းသို့ရောက်ရှိနေသူများကို နိုင်ငံတော်မှ ပြန်လည်ခေါ်ယူမှုများရှိနေသော်လည်း Myanmar Idol အဆိုတော် ဇင်ကြီး အသတ်ခံရကြောင်း၊ အလားတူ သရုပ်ဆောင် ယဉ်လတ်၏ နေအိမ်အား ဒုတိယအကြိမ် ဗုံးထောင်ခြင်းခံခဲ့သည်ကို ကြည့်ခြင်းအားဖြင့် အကြမ်းဖက်သမားများက အနုပညာသမားများဘက်သို့ ဦးတည်လုပ်ဆောင်လာသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် အဆိုပါအနုပညာရှင်များကို နိုင်ငံတော်မှ မည်သို့ကာကွယ်ပေးမည်ကို သိလိုကြောင်းနှင့် လက်ရှိပုံစံဖြင့် ဆက်သွားနေမည်ဆိုပါက မိမိတို့မျှော်မှန်းထားသည့်ပန်းတိုင်မှာ ဝေးနေဦးမည်ဖြစ်ကြောင်း၊ ဥပဒေဘောင်အတွင်းမှာ အေးချမ်းသာယာစွာ နေထိုင်လိုသောသူများ၊ တပ်မတော်ကို လေးစားချစ်ခင်အားကိုးယုံကြည်ကြသည့် ရဟန်းသံဃာ၊ ပြည်သူများကို ထောက်ထားညှာတာပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တပ်မတော်အနေဖြင့် အချိန်ကာလတစ်ခုအနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို မျက်ကွယ်ပြု ကျော်လွန်ပြီး ငြိမ်ဝပ်ပိပြားသာယာအေးချမ်းသည်အထိ ပြုလုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အနုပညာရှင်များသည် အများအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် နေထိုင်သူ များပြားကြောင်း၊ လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် တပ်မတော်၊ နယ်မြေခံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းပြီး လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများဖြင့် လုံခြုံရေး တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရပ်ကွက်အတွင်း ဧည့်စာရင်းစစ်ဆေးခြင်း၊ အများသူငှာသွားလာနေသည့် မသင်္ကာဖွယ်နေရာများကို ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အနုပညာရှင်များနှင့် ဆက်စပ်သည့် နေရာများတွင်လည်း လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အနုပညာရှင်များအနေဖြင့် မိမိတို့အား အသက်အန္တရာယ်ခြိမ်းခြောက်မှုများပြုလာပါက သာမန်ဆက်သွယ်မှု လမ်းကြောင်းအပြင် အခြားဆက်သွယ်မှု လမ်းကြောင်းများကိုပါ ၎င်းတို့အား ပြောပြထားပြီးဖြစ်ကြောင်း၊ ယင်းအပြင် နေအိမ်များ၊ ဖြစ်နိုင်ခြေရှိသည့် နေရာများကိုလည်း လုံခြုံရေးအင်အားထပ်မံတိုးမြှင့်ထားကြောင်း၊ သတင်းထောက်ကြီး ထပ်မံမေးမြန်းသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ပြီး ယခုလောလောဆယ် လုပ်ဆောင်စရာမရှိကြောင်း၊ မိမိတို့အနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်းသာ လုပ်ဆောင်မည်ဟု ပြောကြားထားပြီးဖြစ်ကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်ပြီး တိုးမြှင့်ဆောင်ရွက်ခြင်းများ၊ ပူးပေါင်းဆောင်ရွက်ခြင်း များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **Myanmar Nation Voice မှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က ပခန်းကြီးရဲစခန်းမှူးနှင့် တရားလွှတ်တော်ရှေ့နေ ဒေါ်ယဉ်မင်းမြင့်ဆွေတို့ ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်နှင့် ပတ်သက်ပြီး ပြည်သူလူထုအနေဖြင့် နောက်ဆုံးအခြေအနေကို သိလိုသဖြင့် ယင်းကိစ္စနှင့် ပတ်သက်၍ ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အဆိုပါကိစ္စနှင့် ပတ်သက်၍ ဌာနတွင်း အရေးယူရန် စုံစမ်းစစ်ဆေးရေးခုံရုံးဖြင့် ဆောင်ရွက်လျက်ရှိရာ ပြီးစီးပြီဟု သိရကြောင်း၊ ကျန်ရှိသည့်အဆင့်ကို ဆက်လက်လုပ်ဆောင်ရန် ကျန်ရှိမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*




## လူပျောက်ကြော်ငြာ



အထက်ပါ ဓာတ်ပုံပိုင်ရှင် ကျွန်တော်၏ ဇနီးဖြစ်သူ ဒေါ်အိရွှေဇင် အသက် (၃၃)နှစ်သည် ၂၁-၁၀-၂၀၂၁ရက်တွင် နေအိမ်မှ ထွက်ခွာသွားရာ ယနေ့ထိပြန်လည်ရောက်ရှိခြင်းမရှိပါသဖြင့် တွေ့ရှိပါက ဆက်သွယ် အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၂၅၀၅၆၅၇၂၄၊**
**၀၉-၆၈၈၇၀၀၂၁၆**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5P/5284, MAZDA BTGO, Pick Up (4x4)(L) (Open Cab) ယာဉ် လက်ဝယ်ရှိသူ ဦးတုံ့ရှိန်မိ ၁၃/လရန (နိုင်)၀၈၈၂၆၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## မွေးသက္ကရာဇ်အမှန်

ဟိုပန်မြို့၊ နောင်မိုကျေးရွာနေ (ဘ) ဦးဆန်ဆမ်၏သား စိုင်းကျော်အေး ၁၃/ဟပတ(နိုင်)၀၂၂၉၁၃၃၏ မွေးသက္ကရာဇ် အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ် (၁၀-၁-၂၀၀၃)ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက(၇) Grade-10(သင်ရိုးသစ်)မှ မငွေစင်ကြယ်၏ ဖခင် ဦးစန်းဝင်း၏ အမည်မှန်မှာ ဦးဆန်းဝင်း ၁၂/ဒလန(နိုင်) ၀၃၃၅၅၀ဖြစ်ပါကြောင်း။

**ဦးဆန်းဝင်း**

## ဖခင်အမည်မှန်

ဦးမြင့်လွင်ဦး၏သား ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကစိုကျေးရွာနေ မောင်အောင်သူဖြိုး၏ ဖခင်အမည်မှန်မှာ စောသုခ ၃/လဘန(နိုင်)၂၄၆၄၃၆ ဖြစ်ပါကြောင်း။

**စောသုခ**

## ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းကြော်ငြာစာ

ကြို့ပင်ကောက်မြို့၊ ဈေးချိုမြောက်ရပ်ကွက်၊ ကွင်းအမှတ် (၅N) ဈေးချိုရပ်၊ ဦးပိုင်အမှတ်(၄၂)၊ ဧရိယာ(၀ဒသမ၀၉၃)ဧကရှိ မြေကွက်သည် မူလတွင် ဒေါ်သီဂီလွင် အမည်ဖြင့်နှစ်(၃၀) မြေငှားဂရန်ရရှိထားရာမှ အဆိုပါမြေကွက်ကို မူလပိုင်ရှင် ဒေါ်သီဂီလွင် အမည်ဖြင့် မြေငှားဂရန်သက်တမ်းတိုး လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၄-၇-၂၀၂၂)ရက်၌ဖြစ်စေ၊ ၎င်းရက် မတိုင်မီဖြစ်စေ ခိုင်လုံသောအကြောင်း ပြချက်ရှိသည့် ကန့်ကွက်လွှာကို တင်သွင်းနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန် ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကြို့ပင်ကောက်မြို့**

## ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းကြော်ငြာစာ

ကြို့ပင်ကောက်မြို့၊ ဈေးချိုမြောက်ရပ်ကွက်၊ ကွင်းအမှတ် (၃N) ပြည်တန်းရပ်၊ ဦးပိုင်အမှတ် (၁၄၇)၊ ဧရိယာ ၀ဒသမ ၀၉၇ ဧကရှိ မြေကွက်သည် မူလတွင် ဦးဝင်း၊ ဒေါ်တင်ဥ အမည်ဖြင့် နှစ် ၃၀ မြေငှားဂရန် ရရှိထားရာမှ အဆိုပါမြေကွက်ကို မူလပိုင်ရှင် ဦးဝင်း၊ ဒေါ်တင်ဥ အမည်ဖြင့် မြေငှားဂရန်သက်တမ်းတိုး လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၄-၇-၂၀၂၂ ရက်၌ဖြစ်စေ ၎င်းရက်မတိုင်မီဖြစ်စေ ခိုင်လုံသောအကြောင်းပြချက်ရှိသည့် ကန့်ကွက်လွှာကို တင်သွင်းနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန် မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန် ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကြို့ပင်ကောက်မြို့**

## မိဘအမည်မှန်

ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့၊ အထက တတိယတန်း (သင်ရိုးသစ်)မှ စိုင်းအောင်လူနှင့် နန်းမိုလှိုင်းတို့၏ မိဘအမည်မှန်မှာ စိုင်းဝန်း ၁၃/မပတ(နိုင်)၀၃၆၂၁၀ နှင့် နန်းလျှိုး ၁၃/ကဟန(နိုင်) ၀၅၈၈၁၆ တို့ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးလှိုင်ဖြိုး၏သမီး တောင်ကြီးမြို့နယ်၊ အေးသာယာ၊ အထက (စက်မှုဇုန်) ပထမတန်း(က၊ အောင်)မှ မစုရတနာထွန်းအား ယနေ့မှစ၍ မဆုရတနာထွန်းဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ အမှတ်(၁)အထက Grade - 9 (A)မှ မောင်ဟန်ကိုအောင်၏ ဖခင်အမည်မှန်မှာ ဦးထွေးမြင့်သိန်း ၈/မသန(နိုင်) ၀၇၇၄၇၈ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၁)၊ သခင်ဖိုးလကြီးလမ်း ဦးမျိုးမင်းနိုင်-ဒေါ်အေးဝင်းထွေးတို့၏သမီး မမျိုးပပသွယ်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၄-၂၀၀၅ ၊ ၁၂/သလန(နိုင်)၁၇၇၇၄၂ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/7880, Mazda Bongo, P/U(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးတေဇာမင်းခင် ၇/ဖမန(နိုင်) ၁၄၈၂၉၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/4159, Toyota Probox NCP 50, S/W(4X2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆိုင်းခမ်း ၁၂/ကမရ(နိုင်)၀၅၀၄၉၇ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
## ၂၀၂၂ခု၊ ပညာသင်နှစ်

**Certificate Course in Anaesthesia သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း**

၁။ ၂၀၂၂ခု ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် Certificate Course in Anaesthesia သင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လိုအပ်သောအရည်အချင်း**

၂။ (က) ပြည်ထောင်စုသမ္မတမြန်နိုင်ငံသားဖြစ်ရမည်။
(ခ) အမ်ဘီဘီအက်စ်ဘွဲ့(သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူ ဖြစ်ရမည်။
(ဂ) လျှောက်ထားသူသည် အခြားဘွဲ့လွန်သင်တန်းတစ်ခုခုတက်ရောက်နေခြင်းမရှိသူ ဖြစ်ရမည်။
(ဃ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(င) သင်တန်းပြီးဆုံးပြီးနောက် အနည်းဆုံး (၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(စ) သတ်မှတ်ထားသောသင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။
(ဆ) Certificate Course in Anaesthesia သင်တန်းတက်ရောက်အောင်မြင်ပြီးသူများအနက် ဆေးပညာမဟာသိပ္ပံ(မေ့ဆေးပညာ) သင်တန်းသို့ တက်ရောက်လိုသူများသည် ဆေးပညာမဟာသိပ္ပံဘွဲ့လွန် သင်တန်းအတွက် သတ်မှတ်ထားသောအရည်အချင်းများနှင့် ပြည့်စုံပါက ဆေးပညာမဟာသိပ္ပံ(မေ့ဆေးပညာ) ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲဖြေဆိုခြင်းကို ကင်းလွတ်ခွင့်ပြု၍ တက်ရောက်ခွင့် ပြုမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပါရှိရမည်-
(က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ လက်ရှိရာထူး/ဌာန၊ အမြဲတမ်းလိပ်စာနှင့် ဖုန်းနံပါတ်၊ ဆက်သွယ်ရန် လိပ်စာနှင့်ဖုန်းနံပါတ်
(ခ) အဘအမည်
(ဂ) နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်ထမ်းဆောင်သည့် နေ့ရက်/လ/ခုနှစ်နှင့် အမှုထမ်းသက်၊
(ဃ) အသက်နှင့်မွေးသက္ကရာဇ်၊ (အသက်ထောက်ခံစာတင်ပြရန်)
(င) အထွေထွေဆေးကုသခွင့်လိုင်စင်အမှတ် ( )၊ ရက်စွဲ ...............
(စ) ပညာအရည်အချင်း
(ဆ) အမှုထမ်းသက် မှတ်တမ်းအပြည့်အစုံ

၄။ လျှောက်လွှာနှင့်အတူအောက်ပါတို့ကိုပူးတွဲပေးပို့ရမည်-
(က) လျှောက်လွှာတွင် ဖော်ပြထားသည့် အချက်အလက်များသည် မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ် ရေးထိုးထားသောခံဝန်ချက်၊
(ခ) ဘွဲ့လက်မှတ်မိတ္တူ
(ဂ) ဓာတ်ပုံ(၃)ပုံ(လိုင်စင်ဓာတ်ပုံ)
(ဃ) အသက်ထောက်ခံစာ(သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက်ပေးပို့ရမည်။

၇။ လျှောက်လွှာများကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်သို့ (၂၉-၆-၂၀၂၂)ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ပေးပို့ရမည်။ မပြည့်စုံသည့် လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်းနံပါတ်(၀၁၈-၃၇၀၉၃၈၊ ၀၁၈-၃၈၂၄၈၅)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ဆေးတက္ကသိုလ်(၁)၏ Website:http//www.um1yangon.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၁/၂၀၂၂)

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏(၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဘောလုံးအကယ်ဒမီ (ရန်ကုန်၊ မန္တလေး၊ ပုသိမ်)၏ ကျောင်းသားများအား ချက်ပြုတ်ကျွေးမွေးရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ (Open Tender)များ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၂၂-၆-၂၀၂၂ရက်မှစတင်၍ သက်ဆိုင်ရာမြို့နယ်များရှိ ဘောလုံးအကယ်ဒမီကျောင်းများ၌ ရုံးချိန်အတွင်း (အခမဲ့) ထုတ်ယူနိုင်ပြီဖြစ်ပြီး ဈေးနှုန်းအဆိုပြုလွှာများကို ၂၈-၆-၂၀၂၂ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ စီမံရေးနှင့် လုံခြုံရေးဌာန၊ ဒါရိုက်တာ ဦးရန်လင်းအောင် (ဖုန်း-၀၉-၅၀၁၆၃၀၁) (Email:yanlinaung@mff-ma.com/ admmff@mff-ma.com)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်**
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ ဗိုလ်တထောင် Time Square အိမ်ရာ၊ တိုက်အမှတ်-(C2A)၊ အခန်းအမှတ် (0202)၊ ဒုတိယထပ်၊ ဧရိယာ စတုရန်းပေ ၆၅၀ရှိတိုက်ခန်းနှင့် ကားပါကင်တစ်နေရာအပါအဝင် တိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းဖြင့် ပြောဆိုဝန်ခံသူ ဦးထွန်းသိန်း ၁၂/စခန(နိုင်)၀၀၃၄၇၃၊ ဒေါ်ခင်ဝင်းမြိုင် ၁၂/စခန(နိုင်) ၀၀၄၀၄၅၊ ဒေါ်သန်းသန်း ၁၂/စခန(နိုင်)၀၀၃၄၄၉နှင့် ဒေါ်ခင်ငွေး ၁၂/စခန(နိုင်)၀၀၄၃၂၀ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိမ္မွန်သိန်း ၃/ဘအန(နိုင်)၂၃၈၇၆၄က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇေယျ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၄၅)**
**တိုက်အမှတ်-(B-6)၊ အခန်း (၄၀၁)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၇၇၈၃၅၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ် ၂ ရန်ကုန်
## ၂၀၂၂ပညာသင်နှစ်
## Certificate Course in Anaesthesia
## သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၂-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ် ၂ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် Certificate Course in Anaesthesia သင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လိုအပ်သောအရည်အချင်း**

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူ ဖြစ်ရမည်။
(ဂ) လျှောက်ထားသူသည် အခြားဆေးပညာဘွဲ့လွန်သင်တန်းတစ်ခုခုသို့ တက်ရောက်နေခြင်းမရှိသူ ဖြစ်ရမည်။
(ဃ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(င) သင်တန်းပြီးဆုံးပြီးနောက် အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) သတ်မှတ်ထားသောသင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။
(ဆ) Certificate Course in Anaesthesia သင်တန်းတက်ရောက်အောင်မြင်ပြီးသူများအနက် ဆေးပညာမဟာသိပ္ပံ (မေ့ဆေးပညာ) သင်တန်းသို့ တက်ရောက်လိုသူများသည်ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံပါကဆေးပညာမဟာသိပ္ပံ (မေ့ဆေးပညာ) ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုခြင်းကို ကင်းလွတ်ခွင့်ပြု၍ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ **လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံမှန်ကန်စွာဖော်ပြပါရှိရမည် -**
(က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ လက်ရှိရာထူး/ဌာန၊ အမြဲတမ်းလိပ်စာနှင့် ဖုန်းနံပါတ်၊ ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ်၊
(ခ) အဖအမည်၊
(ဂ) နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်ထမ်းဆောင်သည့် နေ့ရက်/လ/ခုနှစ်နှင့် အမှုထမ်းသက်၊
(ဃ) အသက်နှင့်မွေးသက္ကရာဇ်၊ (အသက်ထောက်ခံစာတင်ပြရန်)
(င) အထွေထွေဆေးကုသခွင့်လိုင်စင်အမှတ် ( )၊ ရက်စွဲ - - ၊
(စ) ပညာအရည်အချင်း၊
(ဆ) အမှုထမ်းသက်မှတ်တမ်းအပြည့်အစုံ၊

၄။ **လျှောက်လွှာနှင့်အတူ အောက်ပါတို့ကိုပူးတွဲပေးပို့ရမည် -**
(က) လျှောက်လွှာတွင်ဖော်ပြထားသည့် အချက်အလက်များသည် မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ခံဝန်ချက်၊
(ခ) ဘွဲ့လက်မှတ်မိတ္တူ
(ဂ) ဓာတ်ပုံ(၃)ပုံ (လိုင်စင်ဓာတ်ပုံ)၊
(ဃ) အသက်ထောက်ခံစာ (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး(ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက် အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်း စဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကိုဆေးတက္ကသိုလ် ၂ ရန်ကုန်၊ ပါမောက္ခချုပ်ထံလိပ်မူ၍ မပျက်မကွက်ပေးပို့ရမည်။

၇။ လျှောက်လွှာများကိုဆေးတက္ကသိုလ် ၂ ရန်ကုန်သို့ **၂၉-၆-၂၀၂၂ ရက်(ဗုဒ္ဓဟူးနေ့)**နောက်ဆုံးထား၍ ပေးပို့ရမည်။ မပြည့်စုံသည့်လျှောက်လွှာများနှင့် လျှောက်လွှာ ပိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ် ၂ ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစိတ်၊ ဖုန်းနံပါတ် (၉၆၉၉၅၈၉/၉၆၉၉၈၅၂/၉၆၉၀၁၂၇/၉၆၉၀၁၂၈/လိုင်းခွဲ-၂၀၃/၂၁၉) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ဆေးတက္ကသိုလ်(၂)ရန်ကုန်၏ Website: https://www.um2ygn.edu.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ် ၂ ရန်ကုန်**

## မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ် (၂/၂၀၂၂)

၁။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တင်ဒါကော်မတီသည် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏအားကစားကွင်း) ပရဝဏ်အတွင်း၌ ဆောက်လုပ်ထားသော ဖူဆယ်အားကစားကွင်းအတွင်း၌ လေအေးပေးစနစ် (Air-Con)များ တပ်ဆင်ရန်အတွက် အဆိုပြုလွှာတင်သွင်းရန် ပြည်တွင်းပြည်ပအဖွဲ့အစည်းများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစာရွက်စာတမ်းများကို ၂၂-၆-၂၀၂၂ရက်မှစ၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏအားကစားကွင်း)ရှိ ကွင်း/ရုံဌာန ရုံးခန်း သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် (အခမဲ့)လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီသည် အဆိုပြုလွှာအပြည့်အစုံကို အထက်ဖော်ပြပါ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ အားကစားကွင်း)ရှိ ကွင်း/ရုံဌာန ရုံးခန်းသို့ ၂၆-၆-၂၀၂၂ရက် ညနေ ၄:၃၀ နာရီ နောက်ဆုံးထား၍ ပြန်လည်ပေးသွင်းရပါမည်။ နောက်ကျတင်သွင်းသောတင်ဒါများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၄။ တင်ဒါခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသောအချက်အလက်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ကစားကွင်းနှင့် ကစားရုံဌာန၊ ဌာနတာဝန်ခံ ဦးမိုးသွင်ထွန်း (moethwintun@mff-ma.com) ဖုန်း-၀၁-၅၇၇၃၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်**
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## မိဘအမည်မှန်

လက်ပံတန်းမြို့၊ အထက(ခမုံဆိပ်) အဋ္ဌမတန်း(A)မှ မောင်ရှိုင်းထက်ဖိုလ်၊ အမက (လှည်းလမ်းဆိပ်) စတုတ္ထတန်းမှ မောင်ပြည့်ဖြိုးအောင်၊ ပထမတန်းမှ မလရိပ်ဖြူတို့၏ ဖခင်အမည်မှန်မှာ ဦးကုလား ၇/လပတ(နိုင်)၁၃၄၉၀၃နှင့် မိခင် ဒေါ်အေးအေးမြင့် ၇/လပတ(နိုင်)၁၈၃၇၁၄ ဖြစ်ပါကြောင်း။

**ဦးကုလား-ဒေါ်အေးအေးမြင့်**

## ဖြည့်စွက်ခေါ်ဆိုပါရန်

တောင်ငူ လေ့ကျင့်ရေး အလက Grade-7မှ ဦးဇေယျာအောင်ကြွယ် ၁၄/ပသန(နိုင်) ၁၅၆၅၅၇၏သား မောင်စစ်ပိုင်အား မောင်စစ်ပိုင်ထွဋ်ဟု ဖြည့်စွက်ခေါ်ဆိုပါရန်။

**မောင်စစ်ပိုင်ထွဋ်**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်9M/1021 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ဖခင်အမည်မှန်

သထုံမြို့၊ အထက(ခွဲ) ကတိုက်ကလေး Grade-8 မှ မောင်လင်းခန့်ထိုက်၏ ဖခင်အမည်မှန်မှာ ဦးဇေမျိုးထိုက် ၁၀/သထန(နိုင်)၁၇၉၂၄၇ ဖြစ်ပါကြောင်း။

**ဦးဇေမျိုးထိုက်**

## အများသိစေရန်ကြော်ငြာခြင်း

တောင်ကြီးမြို့နယ်မြေ(၂)၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ သီတာလမ်း၊ အိမ်အမှတ်(၁၃၂)နေ ဒေါ်တွမ်ကျူကျောင်း ၁၃/လလန(နိုင်)၀၄၄၀၇၆ ၏သား ဦးပြည်စိုး ၁၃/လလန(နိုင်)၀၄၄၃၃၄အား အမွေအဖြစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းအား ခွဲပေးပြီးဖြစ်ပါသည်။ ထို့ကြောင့် နောက်နောင်တွင် မရွှေ့မပြောင်းနိုင်သော ပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်း တစ်စုံတစ်ရာမျှ ခွဲဝေပေးအပ်ရန် မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တွမ်ကျူကျောင်း**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၆၁ ဆူ | ၄၅၉ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၈ ခန်း | ၄၀၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၂ တိုင် | ၆၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၇ ခု | ၅၅၅ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၅ ကျင်း | ၁၆၃၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

